ဦးစန်းအောင်၊ မော်တင်တင်

မန္တလေးတိုင်း-ဝမ်းတွင်းမြို့နယ်

ကျေးဇူးတော်ရှင်

တောင်ပုလုတောရ ကမ္မဋ္ဌာနအေး

ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ရာသက်ပန်

# သရဏဂုံဆောက်တည်ခြင်း

အကျိုးနှင့်

# မဟာသတိပဋ္ဌာန်တရား

# ရှုပွားနည်း

တရားတော်

(စမ္မဒါန)

မန္တလေးတိုင်း-ဝမ်းတွင်းမြို့နယ်

ကျေးဇူးတော်ရှင်

# တောင်ပုလုတောရ ကမ္ဘာ့အေး

ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ရာသက်ပန်

# သရဏဂုံဆောက်တည်ခြင်း

အကျိုးနှင့်

## မဟာသတိပဋ္ဌာန်တရား

## ရှုပွားနည်း

တရားတော်

(မဏ္ဍဒါန)

၂၇၆၄၀

ဒုတိယအကြိမ်

အုပ်ရေ—၃၀၀၀

၁၉၇၇-ခု၊

( ဓမ္မဒါန )

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
ဒေါ်လှမြင့် (၀၉၆၀)
“ချိုးဖြူ”စာပေပုံနှိပ်တိုက်က ရိုက်နှိပ်၍
ဦးအောင်သန်း ဒုတိယညွှန်ကြားရေးမှူး
(မှတ်ပုံတင်အမှတ်-၀၂၅၂၇)က ထုတ်ဝေသည်။

မန္တလေးတိုင်း-ဝမ်းတွင်းမြို့နယ်၊



ကျေးဇူးရှင်-တောင်ပုလုတောရ

**ကမ္ဘာအေး**

ဆရာတော်ဘုရားကြီး။

# ထောက်ခံစာ

သက်ဆိုင်ရာသို့

တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော မဟာသတိပဋ္ဌာန်တရား ရှုပွားနည်း တရားတော်စာအုပ်ကို ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် (၀၄၀၃၁) မိတ္ထီလာမြို့၊ ဝန်ဇင်းမင်းရာဇာပုံနှိပ်တိုက်(မြ-၂၁၄၇၆)အနေဖြင့် ဆက်လက်ရိုက်နှိပ်ခွင့် ဓမ္မဒါနပြုရန် ခွင့်ပြု ပါသည်။ ယခုအကြိမ်ရိုက်ရန် စာအုပ်အရေအတွက်အားဖြင့်(၅၀၀၀)ငါးထောင်ရိုက်ရန် ခွင့်ပြုပါသည်။

၁၉၈၇-ခု၊ ဖေဖော်ဝါရီလ (၂၄)ရက်။

ဆရာထိ
ဝန်ဇင်းပုံနှိပ်တိုက်
တံတားဦးလမ်း၊ မင်းရပ်
မိတ္ထီလာမြို့။

ရှုသက်ပန် သရဏဂုံ ဆောက်တည်ခြင်းအကျိုး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကျမ်းဦးအမှာ | ၁ |
| ၂။ | သရဏဂမနတရားတော်ဆုပေး | ၉ |
| ၃။ | သီလတောင်း | ၁၀ |
| ၄။ | ဘုရားရှိခိုး | ၁၀ |
| ၅။ | သရဏဥပါသကာဝတ္ထု | ၁၅ |
| ၆။ | ဓမ္မဋ္ဌဒါယကာ | ၂၀ |
| ၇။ | ဘုရားစစ်, တရားစစ်, သံဃာစစ် | ၂၃ |
| ၈။ | မိမိကိုယ်ကို ဘုရား, တရား, သံဃာအား လှူဒါန်းပုံ | ၂၄ |
| ၉။ | သိက္ခာပုဒ်ဆောက်တည်ပုံ | ၂၅ |
| ၁၀။ | ငါးပါးသီလအကျယ် အကျိုးများဖွယ် | ၂၆ |
| ၁၁။ | မဟာသတိပဋ္ဌာန်တရား ရှုပွားနည်း | ၃၇ |
| ၁၂။ | သမ္ပဇညပဗ္ဗ | ၃၈ |
| ၁၃။ | အထူးသိဖို့ရာ | ၄၈ |
| ၁၄။ | ဘုရားရှင် ဟောတော်မူပုံ | ၄၉ |
| ၁၅။ | ဒါနကုသိုလ်မူလတရား ၃-ပါး | ၅၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ကံကိုချုပ်စေတတ်ပုံသာဓက | ၃၁ |
| ၁၇။ | မျက်စိ၌ ကိလေသာဖြစ်ပုံ | ၃၄ |
| ၁၈။ | မျက်စိမှာကိလေသာပယ်ပုံ | ၃၄ |
| ၁၉။ | နားမှာ ကိလေသာဖြစ်ပုံ | ၃၄ |
| ၂၀။ | နား၌ ကိလေသာပယ်ပုံ | ၃၄ |
| ၂၁။ | နှာခေါင်း၌ ကိလေသာဖြစ်ပုံ | ၃၄ |
| ၂၂။ | နှာခေါင်းမှာ ကိလေသာပယ်ပုံ | ၃၅ |
| ၂၃။ | လျှာ၌ ကိလေသာဖြစ်ပုံ | ၃၅ |
| ၂၄။ | လျှာမှာ ကိလေသာပယ်ပုံ | ၃၅ |
| ၂၅။ | ကိုယ်၌ ကိလေသာဖြစ်ပုံ | ၃၅ |
| ၂၆။ | ကိုယ်မှာ ကိလေသာပယ်ပုံ | ၃၅ |
| ၂၇။ | စိတ်၌ ကိလေသာဖြစ်ပုံ | ၃၆ |
| ၂၈။ | စိတ်မှာ ကိလေသာပယ်ပုံ | ၃၆ |
| ၂၉။ | သမထနှင့် ဝိပဿနာ | ၃၇ |
| ၃၀။ | ပရမတ်နှင့် ပညတ် | ၃၇ |
| ၃၁။ | နာမရူပပရိစ္ဆေဒဉာဏ်ခေါ်ပုံ | ၃၇ |
| ၃၂။ | နာမ်ရုပ်ကို ထင်မြင်လွယ်အောင်မှတ်ပုံ | ၃၈ |
| ၃၃။ | အကျဉ်းချုပ်လင်္ကာ | ၃၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | နာမ်ရုပ်ကို အဟုတ်အမှန်ထင်ပုံ | ၆၁ |
| ၃၅။ | အတူးသဖြင့် အကျိုးများသော ဝိပဿနာဉာဏ်သုံးပါး | ၆၁ |
| ၃၆။ | တစ်နည်းနာမ်ရုပ် ဖြစ်ပျက်ပုံ | ၆၄ |
| ၃၇။ | ဆောင်ပုဒ်လင်္ကာ | ၆၅ |
| ၃၈။ | ပေဠကောပဒေသ ကောက်နုတ်ချက် | ၆၇ |
| ၃၉။ | ပိုင်းခြားရှုသိရမည့် တရားနှစ်ပါး | ၆၈ |
| ၄၀။ | ပယ်ရမည့်တရားနှစ်ပါး | ၆၈ |
| ၄၁။ | ပွားရမည့် တရားနှစ်ပါး | ၆၈ |
| ၄၂။ | ဆိုက်ရမည့်တရားက နိဗ္ဗာန် | ၆၈ |
| ၄၃။ | သတ္တဝါတစ်ခု ရောဂါနှစ်မျိုး | ၆၉ |
| ၄၄။ | ဘုရားဆုပန် ရင့်မာတစ်ကျိပ် | ၇၀ |
| ၄၅။ | မေတ္တေယျ မြတ်စွာဘုရား | ၇၁ |
| ၄၆။ | သံဝေဂကထာ ဆုံးမစာ | ၇၃ |
| ၄၇။ | ဓူတင်ကဏ္ဍ အမြွက်မျှပြဆိုခြင်း | ၇၄ |
| ၄၈။ | ကိလေသာ ခါတွက်ပုံ | ၇၄ |
| ၄၉။ | ပံ့သကူဓူတင်ဆောက်တည်ပုံ | ၇၅ |
| ၅၀။ | တိစီဝရိတ်ဓူတင် ဆောက်တည်ပုံ | ၇၆ |
| ၅၁။ | ပိဏ္ဍပါတ်ဓူတင် ဆောက်တည်ပုံ | ၇၆ |
| ၅၂။ | သပဒါနစာရိကဓူတင် ဆောက်တည်ပုံ | ၇၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | ဧကာသနိက်ဓူတင်ဆောက်တည်ပုံ | ၇၇ |
| ၅၄။ | ခလုပစ္ဆာဘတ္တိကဓူတင် ဆောက်တည်ပုံ | ၇၇ |
| ၅၅။ | ပတ္တပိုဏ်ဓူတင် ဆောက်တည်ပုံ | ၇၈ |
| ၅၆။ | အာရညကင်ဓူတင်ဆောက်တည်ပုံ | ၇၈ |
| ၅၇။ | ရုက္ခမူဓူတင်ဆောက်တည်ပုံ | ၇၉ |
| ၅၈။ | အဗ္ဘောကာသိကဓူတင်ဆောက်တည်ပုံ | ၇၉ |
| ၅၉။ | သုသာန်ဓူတင် ဆောက်တည်ပုံ | ၈၀ |
| ၆၀။ | ယထာသန္တတိကဓူတင် ဆောက်တည်ပုံ | ၈၀ |
| ၆၁။ | နေသဇ္ဇိကဓူတင် ဆောက်တည်ပုံ | ၈၁ |

# ကျမ်းဦးအမှာ

တောင်ပုလု ဆရာတော် ဘုရားကြီး၏ တရားများကို စုစည်းထားသည့် "ဈသက်ပန် သရဏဂုံတည်ခြင်းအကျိုးနှင့် မဟာသတိပဋ္ဌာန်တရား ရှုပွားနည်း စာအုပ်" အတွက် အမှာစာရေးရန် မိတ်ဆွေများက ပြောလာသည့်အခါတွင် ဆရာတော် ဘုရားကြီး၏ ရုပ်သွင်၊ အမူအရာ၊ အသံတော်နှင့်တကွ ဟောကြားခဲ့သော တရားတော်များ၊ အတိတ်အကြောင်းရပ်များသည် ကျွန်တော်၏ စိတ်အစဉ်တွင် ပေါ်လွင်၍ လာခဲ့ပါသည်။

ကျွန်တော်သည် ကျေးဇူးရှင် တောင်ပုလုတောရ ဆရာတော်ဘုရားကြီးထံတွင် သကြန်ရက်များအတွင်း (၈)ကြိမ်မျှ ဒုလ္လဘရဟန်း ပြုခဲ့ရပြီး ဆရာတော် ဘုရားကြီး ဟောကြားပြသ နည်းညွှန်ခဲ့သော တရားများကိုလည်း အကြိမ်ပေါင်းများစွာ နာယူခဲ့ဘူးပါသည်။ ဆရာတော်ဘုရားကြီး ညွှန်ကြား ပြသခဲ့သည့် လမ်းညွှန်ချက်များနှင့် တရားတော်များမှာ လူတိုင်းအဖို့ နေရာမရွေး အချိန်မရွေး လိုက်နာကျင့်ကြံအားထုတ် နှလုံးသွင်းနိုင်သော တရားတော်များ ဖြစ်၍ ကျွန်တော် ကိုယ်တိုင်လည်း တတ်စွမ်းသမျှ လိုက်နာ အားထုတ်ခဲ့ရာ ထူးခြားသော အကျိုးတရားများ ခံစားရရှိခဲ့ပါသည်။

အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊
အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိ၊
အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိ။

၁

တပည့် ပရိသတ်များအား သီလပေးတိုင်း တရားဟော တိုင်း ရေသက်ပန် သရဏဂုံတည်စေရန် ဆရာတော်ဘုရား ကြီးက အသက်ပါအတိုင်း တိုင်ပေးလေ့ရှိပါသည်။ သရဏဂုံ တစ်ရက်တည်ခြင်းသည်သရဏဂုံမတည်ဘဲအသက်တစ်ရာနေရ ခြင်းထက် မြတ်ကြောင်း ရှင်းလင်းမိန့်ကြားသည်။ သက် တော်ကြီး၍ ပကတိ အသံတော်ဖြင့် တိုးတိုးငြင်သာ တိုင် ပေးသော ဆရာတော် ဘုရားကြီး၏ အသံတော်ကို အား စိုက်ကြည်ညို နာခံရင်း တပည့်များက လိုက်ဆိုကြသည်။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးထံ အတွယ်တာ မြတ်နိုးဆုံးဖြစ်သော မိမိ၏ ရုပ်နာမ်ခန္ဓာကို လှူဒါန်းအပ်နှံ ကာ ရေသက်ပန် ဆည်းကပ် ကိုးကွယ်ကြောင်း ရွတ်ဆို ရှိခိုးပြီးသည့်အခါ စိတ်တွင် အားသစ်တို့၍ လုံခြုံမှုတစ်မျိုး ရရှိသွားသကဲ့သို့ ခံစားမိပါသည်။ တို့သို့ မိမိကိုယ်ကို ရတနာ မြတ်သုံးပါးတွင် ယုံကြည်အပ်နှံပြီးသည့်အခါ၌ ဆရာတော် ဘုရားကြီး ညွှန်ကြားပြသ ထားသော အသိကပ်၍ ရှုမှတ် အပ်သည့် သမ္ဗောဓိတရား၊ မဟာသတိပဋ္ဌာန်တရားများကို အားထုတ်ရာတွင် အကျိုးသက်ရောက်မှု ပိုမိုရရှိ ခံစားရပါ သည်။

"မသိအာဝိဇ္ဇာ၊ သိဝိဇ္ဇာ၊ နှစ်ဖြာခွဲဝေမှတ်၊
မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ ပဋိစ္စသမုပ္ပါဒ်။"

ဂုံယာ၉၈

"ခြေဖဝါးနှင့် မြေသားအပ်သော်
သိမှတ်အကျိုး၊ တန်ဖိုးဖြတ်သော်၊
ခြေတစ်လှမ်း၊ ကုဋေတစ်သန်းတန်တယ်နော်။"

ဆရာတော်ဘုရားကြီးသည် တပည့်များအား တရားဒေသနာတော် ဆုံးမဟောကြားသည့် အခါတိုင်း အထက်ပါအတိုင်း လင်္ကာစာပိုဒ်ကလေးများဖြင့် မိန့်ကြားတတ်သဖြင့် မှတ်သားရန်လွယ်ကူလျက်ရှိပြီးစိတ်အာရုံတွင်လည်းစွဲမြဲမှုဖြစ်ပေါ်စေပါသည်။

ဆရာတော်သည် ဓုတင် ၁၃-ပါး အကျင့်တရားကို အလေးထား အားထုတ်သူဖြစ်၍ တပည့်များ ရဟန်းခံသည့် အခါ၌လည်း ရဟန်းတို့၏ ဓုတင်အကျင့်မြတ်ကို ကြိုးစားအားထုတ်ရန် ညွှန်ပြတော်မူသည်၊ နည်း(၄၀)မျှ ရှိသော ကမ္မဋ္ဌာန်းတရားများတွင် မည်သည့်ကမ္မဋ္ဌာန်းနည်းမဆို မိမိနှင့် သင့်တော်သည့်တရားကို ရှုမှတ်နိုင်ကြောင်း၊ ဝင်လေထွက်လေ ရှုမှတ်သည့်အာနာပါနနည်းဖြစ်စေ၊ ကောဋ္ဌာသနည်းဖြစ်စေ၊ စနစ်တကျ မှန်ကန်စွာ ရှုမှတ်ရန်သာ လိုအပ်ကြောင်း မိန့်ကြားဖူးပါသည်။

"မြင်တဲ့အခါတိုင်း မြင်တာကို မြင်တယ်လို့ အထူးသိတာကို ဝိဇ္ဇာလို့ခေါ်တယ်၊ မြင်တာကိုမြင်တယ်လို့အသိမပါရင် အဝိဇ္ဇာဖြစ်တယ်"

ဣရိယာပုတ်လေးပါးတွင် ပါဝင်သည့် မြင်၊ ကြား၊ ထိုင်၊ ထိ ရှုမှတ်ခြင်းနှင့်စပ်လျဉ်း၍ ဆရာတော်ဘုရားက အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။ မြင်လျှင် မြင်မှန်းသိ၊

ကြားလျှင် ကြားမှန်းသိ၊ ထိလျှင် ထိမှန်းသိ၊ သွားလျှင်သွားမှန်းသိ၊ အိပ်လျှင်အိပ်မှန်းသိ၍ မြင်ကယ်၊ ကြားတယ်၊ ထိုင်တယ်၊ ထိတယ်စသည်ဖြင့် ကာယ၏လှုပ်ရှားမှုအလိုက် အစဉ်တစိုက် အသိစိတ်အမြဲကပ်၍ အမှတ်ထားရန်ဟောကြားခဲ့ပေသည်။ ထိုသို့ ရှုမှတ်ခြင်းကို ကားစီးရာတွင် လည်းကောင်း၊ ရထားစီးရာတွင်လည်းကောင်း အချိန်မရွေး နေရာမရွေး ရှုမှတ်နိုင်ကြောင်း မိန့်ကြားခဲ့ပါသည်။

-- ခြေလှမ်းသည့်အခါ တရားအမှတ်ဖြင့် ရှုနိုင်ရန်ဘယ်ခြေလှမ်းလျှင် ၁၊ညာခြေလှမ်းလျှင် ၂-ဟု ၁-မှ ၉-အထိအပြန်အလှန် မှတ်သားသော ဂဏန်းနည်းကိုလည်း စိတ်တည်ငြိမ်မှုရအောင် လေ့ကျင့် အားထုတ်နိုင်ရန် သင်ကြား ပြသပေးတတ်ပါသည်။

ထို့ပြင် သုံးဆယ့်နှစ်ကောဋ္ဌာသ ကာယဂတာ သတိပဋ္ဌာန် ပွားနည်းတရားမှာလည်း ဆရာတော်ဘုရားကြီးကိုယ်တိုင် အားထုတ်ကာ ညွှန်ကြား ပြသသောနည်း ဖြစ်၍ ကောဋ္ဌာသများကို အနုလုံ ပဋိလုံ ပွားရန် ညွှန်ကြားသည်။ ဤသို့ အားထုတ်ခြင်းဖြင့် ကိုယ်ခန္ဓာ အစိတ်အပိုင်း တို့ကို အဆင်းသဏ္ဌာန်၊ တည်ရာအရပ် စသည်အားဖြင့် ကွက်ကွက်ကွင်းကွင်း ထင်လင်းသိမြင်လာစေပြီး ကောဋ္ဌာသများ၏ မတင့်တယ်သော အသုဘလက္ခဏာသဘောကို ထိုးထွင်းထင်မြင်လာစေပါသည်။

ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် မြန်မာနိုင်ငံဒေသအနှံ့ အပြင်းပင်မက ကမ္ဘာ့နိုင်ငံများသို့ပါ ကြွရောက်

လျက် ဗုဒ္ဓဒေသနာ တရားတော်များကို တိုတိုရှင်းရှင်းနှင့် လူပြိန်းများပင် နားလည်၊ သိလွယ်၊ အားထုတ်လွယ်အောင် ဟောကြားခဲ့သည်။ ဆရာတော်ဘုရားကြီး ခန္ဓာဝန် ချပြီး သည့် နောက်တွင်မူ ဆရာတော် ဘုရားကြီး၏ နှုတ်တော်မှ ဟောကြားသော အမြတ်တရားတို့ကို နာကြားရတော့မည် မဟုတ်ဟု တွေးမိသည့်အခါတွင် စိတ်နှလုံး သောမနဿ ဖြစ်မိပါသည်။ ထိုသို့ ခံစားဖြစ်ပေါ်နေစဉ် ဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားအနှစ်သာရကို စုစည်းထားသည့် "ရှားသက်ပန် သရဏဂုံ ဆောက်တည်ခြင်း အကျိုးနှင့် မဟာသတိပဋ္ဌာန်တရား ရှုပွားနည်း တရားတော်" စာအုပ်ကို မိတ်ဆွေများက ထပ်မံရိုက်နှိပ် ထုတ်ဝေမည်ဟု ဆိုသောအခါ၌ စိတ်ကျေနပ် ဝမ်းမြောက်မှု ဖြစ်ပေါ်လာမိ ပါသည်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံလွန်တော်မမူမီ နောက်ဆုံး စကားအဖြစ် အရှင်အာနန္ဒာ မထေရ်အား မိန့်ကြားတော်မူခဲ့ပေသည်။

"ချစ်သားအာနန္ဒာ၊ သင်ချစ်သားတို့၏ စိတ်သန္တာန်မှာ တရား စကားတော်သည် ဟောကြားသော ဆရာဘုရားမှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ ဆရာဘုရားသည် မရှိတော့ပြီ"ဟု ထင်မှတ်မှု အားငယ်မှု ဖြစ်သော်မူ ဖြစ်ရာ၏။ ဤသို့မထင်မှတ်ထိုက်ပေ၊ ချစ်သား အာနန္ဒာ လေးဆယ့်ငါးဝါ ကာလကြာအောင် ငါဘုရား ဟောကြား ပညတ်အပ်သော တရားတော်၊ ဝိနည်းတော်သည်

ငါဘုရား ကွယ်လွန်သောအခါ သင်ချစ်သားတို့၏ ဆရာဘုရား ဖြစ်ပေသည်။”

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုသွားသော်လည်း တရားတော်များသည် ဘုရားကိုယ်စား ကျန်ရှိနေပေသည်။ ကျေးဇူးရှင် တောင်ပုလုဆရာတော် ခန္ဓာဝန်ချသွားပြီး ဖြစ်သော်လည်း တရားတော်များသည် ကျန်ရှိရှိပင် နေပါသည်။ ထိုမျှသာမက ဆရာတော်ဘုရား လမ်းညွှန် ဟောကြားခဲ့သော တရားတော်များသည် မြတ်ဘုရား၏ တရားတော်များပင် ဖြစ်ပေရာ ကျေးဇူးတော်အနန္တ မြတ်ဗုဒ္ဓနှင့် တပည့်သံဃာစစ် ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးအား မြတ်ဘုရား ညွှန်ကြား ကားရစ်တော်မူခဲ့သည့် တရားတော်များ အတိုင်း လိုက်နာကျင့်ကြံ အားထုတ်ခြင်းဖြင့် ကျေးဇူးဆပ်ကြရပေတော့မည်။

ဤစာအုပ် ဖြစ်ပေါ်လာရခြင်းသည် ကျွန်တော်ကဲ့သို့ပင် ဆရာတော်ဘုရားကြီး၏ တပည့်ရင်းလည်းဖြစ်၍ ကျွန်တော်နှင့် အလွန်ရင်းနှီးသော ဓမ္မမိတ်ဆွေလည်းဖြစ်သူ ဗိုလ်မှူးကြီး မျိုးမြင့် (အငြိမ်းစား သံအမတ်ကြီး)၏ ကိုယ်၊ စိတ်စွမ်းအား၊ ငွေအင်အား၊ သဒ္ဓါတရားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်ဓမ္မမိတ်ဆွေများ၏ စုပေါင်းစွမ်းအားတို့ကြောင့်လည်းကောင်း၊ မိတ္ထီလာမြို့ ဝန်ဇင်းမင်းရာဇာ ပုံနှိပ်တိုက် (မြဲ-၀၁၄၇၆) တံတားဦးလမ်း မင်းရပ် ဆရာထီ၏ ဓမ္မ

ဒါနအဖြစ် ရိုက်နှိပ်ရန် သဘောတူ ခွင့်ပြုချက်အရသည်း ထိုကောင်း ရရှိလာသော အောင်မြင်မှု ရလဒ်ပင်ဖြစ်ကြောင်း အထူးဖော်ပြလိုပ ါသည်။

ဆရာတော်ဘုရား ဟောကြားခဲ့သည့် တရားအနှစ်သာရ များ စုပေါင်းပါရှိသော ဤဓမ္မဒါန စာအုပ်ငယ်သည် တရားကျင့်ကြံ အားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် များစွာ အကျိုးပြုလိမ့်မည်ဟု ယုံကြည်မြော်လင့်မိပ 'သတည်း။

ဦးတင်ဦး

(သာသနာရေးဦးစီးဌာန)

# ကမ္ဘာ့သာသနာပြု
# ကျေးဇူးတော်ရှင် တောင်ပုလုတောရ
# ကမ္ဘာအေးဆရာတော်ဘုရားကြီး၏
# ရာသက်ပန်သရဏဂုံဆောက်တည်ခြင်းအကျိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သရဏဂမနတရားတော်

### ဆုပေး

ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော
ဓမ္မဿ ပူဇံ မဟာပညာဝန္တော
သံဃဿ ပူဇံ မဟာဘောဂဝန္တော

ဘုရားအစရှိသော ရတနာမြတ်သုံးပါး အပေါင်းတို့နှင့် တကွ ဆရာသမားတို့အား အရိုအသေ အလေးအမြတ် တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ကန်တော့ကြ ရသော ပူဇဝန္တပဏာမ ကုသိုလ်ကံ စေတနာ တို့ကြောင့် ဘေးအတန်တန်၊ ရန်အပေါင်းပေါင်း၊ မကောင်းသော အနိဋ္ဌဖလရုပ် ဒုက္ခခပ်သိမ်း, ဘေးခပ်သိမ်း, ရန်ခပ်သိမ်း, ကြောင့်ကြခပ်သိမ်း, စိုးရိမ်ခပ်သိမ်းတို့မှ ကင်းငြိမ်းလွင့် ပျောက် မရောက်ကြကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း

အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ဉာဏ်ပညာကြီးခြင်း အစရှိသော အကျိုးထူးတရား အပေါင်းတို့နှင့်တကွ ပြည့်စုံကြကုန်သည်သာ ဖြစ်၍ အလိုရှိအပ်, တောင့်တအပ်သော ဆုထူး ဆုမြတ်နှင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို လျင်လျင်မြန်မြန် ရလွယ်ရောက်လွယ်ကြသည် ဖြစ်စေ။

## သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ယမဟံ ဝဒါမိ၊ တံ ဝဒေထ။

## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အဲဒီမှာကဟာ က သရဏဂုံလို့ ခေါ်တယ်။ ခါတိုင်း ဆောက်တည်တဲ့ သရဏဂုံကတော့ အခိုက်အတန့် ဖြစ်လို့ ယခုဆောက်တည်ရမဲ့ သရဏဂုံကတော့ တစ်ကြိမ်တစ်ခါ ဆောက်တည် ကာမျှဖြင့် တသက်လုံး အသက်ဆုံးသည် တိုင်အောင် အမြဲတည်တဲ့ သရဏဂုံတဲ့။ ကလေးတဲ့မှ စ၍

လူမရွေးဘူး၊ ဝန်လဲမလေးဘူး၊ ဘာမှုလဲမကုန်ဘူး၊ ပင်လဲမပင်ပန်းဘူး၊ သက်သက်သာသာလေးနဲ့ အင်မတန် အပင်ပန်း အကုန်ခန်းခံပြီး ပြုလုပ်တဲ့ ကုသိုလ်လောက်မကဘူး။

ဘာကြောင့်တုန်းဆိုတော့ ဘုရား, တရား, သံဃာဟုဆို အပ်သော ရတနာ သုံးပါးဆိုတာ လောကမှာ ဒီထက် အထွတ်အထိပ် အမြင့်အမြတ်ဆိုတာ မရှိတော့ဘူး။ အဲဒီလို အထွတ်အထိပ် အမြင့်အမြတ်ဖြစ်တဲ့ ရတနာ သုံးပါးကို 'အတ္တာနံ ပေမံ နတ္ထိ' ('တဲ့။ ကိုယ်နှင့်တူသော ချစ်ခြင်း ဆိုတာလဲ မရှိတော့ဘူးတဲ့။ သတ္တဝါဟူသရွေ့ ဘယ်သူ့ကို ဘယ်လိုပင်ချစ်တယ် ဆိုသော်လဲဘဲ ကိုယ့်ကိုယ်လောက် မချစ် ဖူးတဲ့၊ ဒီလိုအချစ်ဆုံးဖြစ်တဲ့ ကိုယ့်ခန္ဓာကိုယ်ကို အမြတ်ဆုံး ဖြစ်တဲ့ ရတနာသုံးပါးအား အပ်နှင်းပြီး သက်သာလ လှူ ဒါန်းရသည့် အဖြစ်ကြောင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူးတဲ့။

အဲလှူတယ်, တန်းတယ် ဆိုတာဟာ ကိုယ်မှတစ်ပါး အခြားဖြစ်တဲ့ ပစ္စည်းကိုသာလျှင် လှူကြ တန်းကြတယ်။ ဒီသရဏဂုံကတော့ အဲဒီလို မဟုတ်ဘူး။ အချစ်ဆုံးဖြစ်တဲ့ ကိုယ့်ခန္ဓာကိုယ်ကို အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးအား အပ်နှင်းပြီးသက်သာလ လှူဒါန်းရသည့် အဖြစ်ကြောင့် ဘယ် ကုသိုလ်နဲ့မှ မတူဘူးတဲ့။ ဒီသရဏဂုံကုသိုလ်ဟာ အင်မတန် အစးတောင်းတယ်။ အားကြီးတယ်။ အားလဲကိုးရတယ်။ အကျိုးလဲဘဲ အင်မတန်များတယ်။

---

၁။ နေတ္တိပါဠိတော်၊ ၁၆၀။ အဋ္ဌကထာ၊ ၂၆၄။

ဘယ်လို အကျိုးများရစေတတ်သတုန်းဆိုတော့ "ဟိ"သ-ဘိတိ သရဏံ" တဲ့။ ညှဉ်းဆဲတတ်လို့ "သရဏဂုံ" နှိပ်စက်ဖျက်ဆီးတတ်လို့ "သရဏဂုံ" လို့ခေါ်တယ်။ ဘာကိုညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်သတုန်းဆိုတော့ ဒီသရဏဂုံတည်တဲ့သူ့ရဲ့ အပေါ်၌ ကျရောက်လတ္တံ့ဖြစ်တဲ့ ဘေးကို, ရန်ကို, ကြောက်ခြင်း, ထိတ်လန့်ခြင်းကို, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲခြင်းကို, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါးသို့ လားခြင်းကို တားမြစ်ဖျက်ဆီးတတ်တယ်တဲ့။

ဒီသရဏဂုံက ဒါလောက်ဆိုတော့ မဟုတ်သေးဘူးတဲ့။ ဒီသရဏဂုံတည်တဲ့ သူများဟာ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်တယ်တဲ့။ နတ်ပြည်ရောက်သွားတဲ့ အခါကျတော့လဲ ဒီပြင်ကနတ်များနဲ့ မတူဘူးတဲ့။ နတ်ပြည်မှာ နတ်တွေများစွာရှိတယ်၊ သရဏဂုံတည်တဲ့နတ်လဲ ရှိတယ်။ သရဏဂုံမတည်တဲ့ နတ်လဲရှိတယ်။ အဲဒီသရဏဂုံ မတည်တဲ့ နတ်များထက် သရဏဂုံတည်တဲ့ နတ်များက ဆယ်ပါးသော အကြောင်းဖြင့် ပိုလွန်တယ်၊ ဆယ်ပါးသော အကြောင်းဆိုတာ ဘယ်ဟာတုန်းဆိုတော့—

(၁) အသက်ရှည်ခြင်းမှာလဲ ပိုလွန်တယ်
(၂) အဆင်းလှခြင်းမှာလဲ ပိုလွန်တယ်
(၃) ချမ်းသာခြင်းမှာလဲ ပိုလွန်တယ်
(၄) ခြွေရံပရိသတ်ပေါများခြင်းမှာလဲပိုလွန်တယ်

---

၁။ သရဏ ဝိဂြိုဟ်။

(၅) အစိုးရခြင်းမှာလဲ ပိုလွန်တယ်။ (၅)ပါး။

(၆) နတ်တို့၏အဆင်း

(၇) အသံ

(၈) အနံ့

(၉) အရသာ

(၁၀) အတွေ့ ဟု ဆိုအပ်သော အာရုံငါးပါးမှာ လဲတဲ့ ပိုလွန်တယ်။

အဲ သရဏဂုံမတည်တဲ့ နတ်များထက် သရဏဂုံတည်တဲ့ နတ်များက ယခုပြောတဲ့ အကြောင်းဆယ်ပါးဖြင့် ပိုလွန်တယ်တဲ့။ ဒါလားဆိုတော့ မဟုတ်သေးဘူးတဲ့။

ဧတံ ခေါ သရဏံ ခေမံ

ဧတံ သရဏ မုတ္တမံ။

ဧတံ သရဏ မာဂမ္မ

သဗ္ဗဒုက္ခာ ပမုစ္စတိ[၁]။

လို့ ဟောတော်မူတာကြောင့် ဤသရဏဂုံသည် ဘေးရန် ကင်းသဖြင့် အလွန် မွန်မြတ်သောကြောင့် ဤသရဏဂုံကို အမိုက်တံကဲ သက်ပြု၍ အလုံးစုံသော ဝဋ်ဆင်းရဲမှ ကျွတ်ရာ လွတ်ရာဖြစ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုလဲ ရရ, ရောက်ရလိမ့်မယ်တဲ့။ ဒီသရဏဂုံကည်တဲ့ သူများဟာ အကျိုးပေးအားဖြင့် ကြီးကျယ်ရတယ်။

---

၁။ အပါဒါနပါဠိ၊ ပထမအုပ်၊ ၄၂။

အဲဒါကြောင့် ဒီသရဏဂုံကုသိုလ် အားကောင်းပုံ၊ အားကြီးပုံ၊ အားကိုးရပုံ၊ အကျိုးများပုံ ဝတ္ထု သတိထားပြီးတော့ မှတ်သားကြဖို့။

ဘုရားရှင်၏ လက်ထက်က ဘုရားရှင်၏ ဆွေတော်မျိုးတော်ထဲက သရဏဂုံတည်လို့ သူ့ကို "သရဏာဥပါသကာ" လို့ ခေါ်ကြတယ်။ အဲဒီသရဏာဥပါသကာ ဆိုတာ သေအရက်ကို အင်မတန်သောက်တဲ့သူဘဲ၊ သောက်ဆို သေသည့်တိုင်အောင် သောက်တာဘဲ။ ဒီသရဏာဥပါသကာ သေတော့ ဘုရားက နတ်ပြည်ကို ရောက်တယ်လို့ ဟောတော်မူတယ်။ အဲဒီတော့ ဘုရားရှင်၏ ဆွေတော်မျိုးတော်တွေက ဘုရားကိုကဲ့ရဲ့ ပြစ်တင်ကြတယ်။

ဘုရား၏ ဆွေတော် မျိုးတော်တွေဆိုတာ ငါးပါးသီလ ဝင်သည်ချည်းဘဲ။ ဒီသူတစ်ယောက်က ထူးချွန်ပြီးတော့ သောက်နေတော့ သူ့ကို လူကိုင်းကဘဲ ကဲ့ရဲ့ပြစ်တင် ပြောဆိုနေတဲ့ အတောအတွင်းမှာ သူသေတဲ့အခါ ဘုရားက "နတ်ပြည်ကို ရောက်တယ်" လို့ ဟောတော်မူ ပြန်တော့ ဘုရားမှာ ကဲ့ရဲ့ပြစ်တင်ခံရတယ်။ ဘယ်လိုကဲ့ရဲ့ အပြစ်တင် ခံရသတုန်းဆိုတော့ "ဒီသေသောက်ကြူးကြီးဟာ လူမှန်း သူမှန်း သိကတည်းက သေအရက်ကို သောက်လာတာ၊ သေသည့်တိုင်အောင် သောက်တာမို့လို့ နတ်ပြည်ကိုရောက်တယ်ဆိုတာ တို့တော့ဖြင့် မယုံဘူး" ဆိုတာ သူတို့စုမိတိုင်း စည်းဝေးမိတိုင်း ပြောကြ ဆိုကြ အပြစ်တင် ကြတယ်။ ဘုရားကို။

အဲဒါနဲ့ မဟာနာမ်မင်းက ကြားတော့ မခံနိုင်တော့ ဘုရားကို သွားလျှောက်တယ်။ ဘယ်လိုလျှောက်သတုန်းဆိုတော့ "အရှင်ဘုရား...၊ အရှင်ဘုရား၏ ဆွေတော်မျိုးတော်တွေက အရှင်ဘုရားကို ကဲ့ရဲ့ပြစ်တင်နေကြတယ်။

"ဘာကြောင့်တုန်း"

"ဒီ သရကာဥပါသကာဆိုတာ လူမှန်းသူမှန်း သိတည်းက သေအရက်ကို သောက်ပါတာ သေသည့်တိုင်အောင် သောက်တာမို့လို့ အရှင်ဘုရားက နတ်ပြည်ကိုရောက်တယ်လို့ ဟောတော်မူတော့ ဘယ်သူမှ မယုံဘူးဘုရား"။

"အေးဟုတ်တယ်"၊ သူက သရဏဂုံတည်နေတာကြာပြီ၊ သူသေသည်နှင့် တစ်ပြိုင်နက် မဂ်ရ သောတာပန် ဖြစ်ပြီး နတ်ပြည်သို့ ရောက်သွားတယ်၊ ဟောဒီ သေအရက်ကြောင့်က မတားမြစ်နိုင်ဘူး၊ အလကား ဖြစ်နေခဲ့တယ်၊ ဘာကြောင့်တုန်းဆိုတော့ ဟောဒီ ဘုရား, တရား, သံဃာဟု ဆိုအပ်သော ရတနာသုံးပါးရဲ့ ဂုဏ်တော်, ကျေးဇူးတော်များကလဲ အင်မတန် ကြီးကျယ်မြင့်မြတ် မောက်မားသည်၏ အဖြစ်ကသည်၊ တစ်ကြောင်း, သူကလဲဘဲ အဲဒီဘုရား,တရား သံဃာဟု ဆိုအပ်တဲ့ ရတနာသုံးပါး အပေါ်၌ ယုံကြည်ပုံက သေအရက်ပင် သောက်သော်လဲဘဲ သူတစ်ပါးနှင့် မတူဘူးတဲ့"။

ဘယ်လိုမတူတာလဲဆိုတော့အသက်ကိုစွန့်ပြီးယုံကြည်ခြင်းဌာ စွမ်းနိုင်တယ်တဲ့။ ဤအကြောင်းများရဲ့ ကုသိုလ်ကိုတော့ "ဗလဝကုသိုလ်" ဖြစ်တယ်။ အင်မတန်အားကောင်းတယ်။

အားကြီးတယ်။ သူသောက်လာတဲ့ သေအရက်ကံက ဒီကုသိုလ်နှင့် နှိုင်းစာလိုက်လို့ ရှိလျှင် "ဒုဗ္ဗလ" ဖြစ်တယ်။ သိပ်ပြီးတော့ အားနည်းတယ်။ အေး- ကုသိုလ်က အားကောင်းတော့၊ အားကြီးတော့၊ အားနည်းတဲ့ အကုသိုလ်ကို ဖျက်ဆီးပြီးသကာလ မဂ်ရ သောတာပန်ဖြစ်ပြီး နတ်ပြည်သို့ ရောက်သွားတယ်တဲ့။ အဲဒါကြောင့်--

"ဗဟုမ္ပိ ကုသလေဟိ အာယူဟိတေ ဗလဝကမ္မံ
ဒုဗ္ဗလ ကမ္မဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော
ဝိပါကဿ ဩကာသံ ကရောတိ"

ဗဟုမ္ပိ၊ အားကောင်းသော။ ကုသလေဟိ၊ ကုသိုလ်ကို။ အာယူဟိတေ၊ အားထုတ်အပ်သည်ရှိသော်။ ဗလဝကမ္မံ၊ အားကြီးသော ကုသိုလ်ကံသည်။ ဒုဗ္ဗလကမ္မဿ၊ အားနည်းသော အကုသိုလ်ကံ၏။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာဟိတွာ၊ တားမြစ်ဖျက်ဆီး၍။ အတ္တနော၊ မိမိ၏။ ဝိပါကံ၊ အကျိုးဖြစ်သော။ ဩကာသံ၊ အခွင့်ကို။ ကရောတိ၊ ပြု၏။

အဲ ကုသိုလ်က အင်မတန်အားကောင်းတော့ အားကြီးတော့ အားနည်းတဲ့ အကုသိုလ်ကို ဖျက်ဆီးပြီးသကာလ သူ့အကျိုး ပေးခွင့်ပြုသွားတယ်။

ဘယ်လို အသက်ကိုစွန့်ပြီးတော့ ယုံကြည်ခြင်းငှာ ရွှမ်းနိုင်တာတုန်းဆိုတော့ တစ်ဘက်သားက "သရဏဥပါသကာ" သင် ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောရင်ပြော၊ မပြောလျှင် သင်၏ ဦးခေါင်းကိုဖြတ်မယ်၊ ဖြတ်ချင်ဖြတ်၊ ငါဘုရား

ကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ငါမပြောဝံ့ဘူး။

အဲသူက သေအရက်ပင် သောက်သော်လဲဘဲ ဒီလို အသက်ကို စွန့်ပြီးသကာလ ယုံကြည်ခြင်းငှါ စွမ်းနိုင်တယ်တဲ့။ အသက်နဲ့ လာဘ်ကိုလဲ ဘုရားရှင်က တစ်ထပ်တည်း ဟောတော်မူတယ်။ ဘယ်လိုဟောတော်မူတုန်းဆိုတော့ အားလုံး သူများသည် အသက်ကိုမစွန့်နိုင်သလိုဘဲ လာဘ်ကိုလဲ မစွန့်နိုင်ဘူးတဲ့။ အဲဒါကြောင့် အင်မတန် စွန့်နိုင် ခဲသော အကြောင်းတရား ၂-ပါးကို ဘုရားရှင် ဟောတော်မူတယ်။ ဘယ်လိုဟောတော်မူသလဲဆိုတော့—

ဒွေမာ ဘိက္ခဝေ အာသာ ဒုပ္ပဇဟာ၊ ကတမာ ဒွေ၊ လာဘာသာ စ ဇီဝိတာသာ စ၊ ဣမာ ခေါ ဘိက္ခဝေ ဒွေ အာသာ ဒုပ္ပဇဟာ။

လာဘ်၌ ကပ်ငြိတွယ်တာ သာယာ မက်မောတတ်တဲ့ အာသာကိုလဲဘဲ အင်မတန် စွန့်နိုင်ခဲတယ်။ အသက်၌ ကပ်ငြိ တွယ်တာ သာယာမက်မောတတ်တဲ့ အာသာကိုလဲဘဲ အင်မတန် စွန့်နိုင်ခဲတယ်။ အဲဒီစွန့်နိုင်ခဲတဲ့ အကြောင်း တရား ၂-ပါးတို့တွင် တစ်ပါးပါးကို စွန့်ပြီး သကာလ ယုံကြည် ခြင်းငှါ စွမ်းနိုင်လို့ရှိရင်ဖြင့် အားမဆုတ်ဘဲနဲ့တောင် မဂ် တရား, ဖိုလ်တရားကို ရနိုင်တယ်တဲ့။

အဲဒီတော့ လာဘ်ကိုစွန့်ပြီးတော့ ယုံကြည်ခြင်းငှါ စွမ်း နိုင်တဲ့ သူဘစ်ယောက် ဘာ ဘယ်လိုတုန်းဆိုတော့ အဲဒီသူဟာ အင်မတန်ဆင်းရဲတယ်။ လည်ပြီးတော့ တောင်းစားနေရ

တယ်။ ဒီအခါမှာ သူ့မှာ နူနာရောဂါလည်း စွဲကပ်နေတယ်။ အဲဒီတော့ တစ်ဖက်သားက သင့်မှာ အင်မတန်ဆင်းရဲတယ်။ လယ်ပြီး ဒုက္ခင်းစွာ နေရတယ်။ ဒီအခါမှာ နူနာရောဂါကလဲ စွဲကပ်နေသေးတယ်။ သင့် အနာရောဂါကိုလဲ ပျောက်ကင်းစေမယ်၊ တသက်လုံး စားမကုန်အောင်ရွှေငွေ ရအောင်လဲ ပေးမယ်၊ သင် ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြော၊ ဒီလိုပြောလို့ရှိလျှင် သင့်အနာရောဂါလဲ ပျောက်ကင်းသွားမယ်၊ တသက်လုံး စားသုံးမကုန်အောင် ရွှေငွေရအောင် ပေးလဲမယ်။

အဲဒီတော့ လာဘ်ကိုနှင်ပြီးတော့ ယုံကြည်ခြင်းငှာ စွမ်းနိုင်တဲ့သူက ဘယ်လိုပြောမတုန်းဆိုတော့ ငါ့ အနာရောဂါဆိုတာ ဟိုဘက်ဘဝကျွေးအောင်လိုက်ပေါ်နိုင်ဘူး၊ ငါ့ဆင်းရဲကာလဲ ဟိုဘက်ဘဝကျွေးအောင် လိုက်မဆင်းရဲနိုင်ဘူး။ သင်တို့ပေးတဲ့ ရွှေငွေဥစ္စာ ရအောင်ကိုလဲ ငါအလိုမရှိဘူး။ ငါ့အနာရောဂါလဲ ပျောက်လိုပျောက်၊ မပျောက်လိုနေ၊ ငါ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ငါမပြောဝံ့ဘူး၊ အဲဒီလိုလာဘ်ကိုနှင်ပြီးတော့ ယုံကြည်ခြင်းငှာ စွမ်းနိုင်လို့ရှိလျှင်လဲဘဲ အားမထုတ်ဘဲနဲ့တောင် မဂ်တရား ဖိုလ်တရားကို ရနိုင်တယ်တဲ့။

အဲဒါကြောင့် ကိုယ့်စိတ်ကို စမ်းစမ်ပြီးတော့ကြည့်ကြရမယ်။ အသက်နဲ့ ပတ်သက်ပြီးတော့ စမ်းကြည့်၊ လာဘ်နဲ့ ပတ်သက်ပြီးတော့စမ်းကြည့်၊ အခုလောလောဆယ်တော့ မခံနိုင်သေးဘူးဆိုပါတော့။

ကြပ်ကြပ်စမ်းပါများတော့ စိတ်ဆိုတာ တစ်နေ့ကျတော့ ရင့်ကျက်လာတော့ မခံနိုင်ဘူးလို့ မဆိုနိုင်ဘူး။ ခံများခံနိုင်လို့ ရှိလျှင်ဖြင့် အားမထုတ်ဘဲနဲ့ ကောင်း မဂ်တရား ဖိုလ်တရားကို ရနိုင်တယ်။ အဲ-ထိုပုဂ္ဂိုလ်များကတော့ ကိုယ့်အသက်ကိုစွန့်၊ လာဘ်ကိုစွန့်ပြီးသကာလ ဘုရား၊ တရား၊ သံဃာဟု ဆိုအပ်သော ရတနာသုံးပါးအပေါ်၌ ယုံကြည်ခြင်းငှာ စွမ်းနိုင်သည့်၏အဖြစ်ကြောင့် ပဌမတန်းစား ယုံကြည်ချက်ရှိတဲ့ ပုဂ္ဂိုလ်များဘဲ။

ဒုတိယအတန်းအစားထဲက ရှိသေးတယ်။ ဝတ္ထုတစ်ခု ဒီကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာ ထက်၌ ဝိပဿီဘုရားရှင်ဆိုတာ ပွင့်တော်မူတယ်။ ထိုဘုရားရှင် ပွင့်တော်မူတဲ့အခါက အသက်က အင်မတန် ရှည်တယ်။ တစ်သိန်းတမ်းဖြစ်တယ်၊ သရဏဂုံတည်ရတာက ကြာတယ်။ သရဏဂုံက ကြာကြာတည်လေ ကောင်းလေ၊ အကျိုးများလေဘဲ။ အဲဒီဘုရားရှင်လက်ထက်က လူဆင်းရဲ တစ်ယောက်ဟာ အမိအဖ မျက်စိမမြင်တဲ့သူ နှစ်ယောက်ကို လုပ်ကျွေးနေရတယ်။ ဆင်းရဲလွန်းလို့ သူ့မှာ ဘာမျှလဲ လှူဖို့မတန်းရ၊ ရဟန်းမှုလည်း မပြုရ၊ သီလမှုလည်း မဆောက်တည်ရ၊ သူ့စိတ်နှလုံး မသာယာဖြစ်နေတယ်။ ဘယ်လို ဖြစ်နေတုန်းဆိုတော့ ငါ့မှာ လူမှယ်လို့ဖြစ်လာ သူတစ်ပါးနှင့် မတူဘူး။ သူတစ်ပါးတို့မှာတော့ လှူလို့ တန်းလို့၊ ရဟန်းပြုလို့၊ သီလစောင့်လို့၊ ငါ့မှာတော့ ဘာအမှုမှ မပြုရဘူးဆိုပြီး စိတ်နှလုံး မသာယာဖြစ်နေတဲ့အခါမှာ ရဟန်းတစ်ပါးက အခုပြောတဲ့ သရဏဂုံပေးလို့ သရဏဂုံဆောက်တည်ရတယ်။ သေသည်၏

အခြားမဲ့၌ နတ်ပြည်ရောက်သွားတာပေါ့။ နတ်ပြည်ရောက်သွားတော့ သိကြားမင်းချည်းဘဲ ဆက်ကာဆက်ကာ ဖြစ်နေတာအကြိမ်ပေါင်း ရှစ်ဆယ်တဲ့။ ဟော-သရဏဂုံ၏အကျိုး အဲဒီလို သိကြားမင်းအဖြစ် အကြိမ်ပေါင်း ရှစ်ဆယ်စေ့လို့ လူ့ပြည်ရောက်လာတဲ့အခါကျတော့လဲဘဲ လေးကျွန်းလုံးကို အုပ်စိုးရတယ်။ စကြာမင်းအဖြစ်က ဆက်ကာဆက်ကာဖြစ်နေတာ ခုနစ်ဆယ့်ငါးကြိမ်တဲ့။ သရဏဂုံ၏အကျိုး ဒီဘက်ကျတော့ ကိုးကြွေးကိုးကြွေး ယခုမင်းများလိုဘဲ။ ပဒေသရာဇ် ကရာဇ် မင်းအဖြစ်ကတော့ ကိုးဆယ်နှင့် တစ်ကမ္ဘာပတ်လုံးဟာ မရေမတွက်နိုင်ဘူး။ အရေအတွက် အပိုင်းအခြားမရှိဘူး။ ကိုးဆယ်တစ်ကမ္ဘာလုံး အပါယ်လေးပါးကိုလဲ သူတစ်ခါတစ်ခေါက်မျှ မရောက်ခဲ့ဘူးတဲ့။ အဲဒီလို မြင့်မြတ်တဲ့အဖြစ်မှ မြင့်မြတ်သည့် အဖြစ်ချည်းလှည့်ပတ်လျှောက်ဖြစ်ပြီး သကာလ ဒီကမ္ဘာရောက်လို့ တို့ဘုရားရှင် ပွင့်တော်မူတဲ့အခါကျတော့သူ့မှာ ခုနစ်နှစ်သားလေးနှင့် ရဟန္တာဖြစ်ရတယ်တဲ့။

သရဏဂုံအကျိုး အင်မတန်များတဲ့အကြောင်းကို ဘုရားရှင်ကလည်း ဟောတော်မူတယ်။ သူကလည်း ဟောပြတယ်။ အဲသူကတော့ ဘုရား, တရား, သံဃာဟု ဆိုအပ်တဲ့ ရတနာသုံးပါးအပေါ်၌ ယုံကြည်ချက်ကတော့ ဒုတိယတန်းစားထဲကဘဲတဲ့။

တတိယတန်းစားထဲက ရှိသေးတယ်။ "ဓမ္မိဋ္ဌ" ဒါယကာဆိုတာ အနှစ်ငါးဆယ်ပတ်လုံး သူတံငါနှင့် အသက်မွေးနေတာ။ ဟောဒီ ပထမလူနှင့် တတိယလူဟာ လူဆိုးတွေ

ချည်းဘဲ။ ပထမလူကလည်း သေအရက် သောက်လာတာ သေသည်တိုင်အောင် သောက်တာဘဲ၊ ဘောဓိ တတိယ လူကလည်း အနှစ်ငါးဆယ်ပတ်လုံး တံငါနှင့် အသက်မွေးလာတာ၊ သရဏဂုံကုသိုလ်များ ဘယ်လောက် အားကောင်းသလဲဆိုတော့ အနှစ်ငါးဆယ်စေ့တော့ သူ့မှာ တစ်စုံတစ်ခု ဝေဒနာ စွဲကပ်လာတော့ အိပ်ရာက မထနိုင်ဘူး။ ဒါနဲ့ သူ့ဒကာမက ခြေဆုပ်လက်နယ်ပြုနေတယ်၊ ဟိုက ရဟန်းတစ်ပါး ကြွလာတယ်၊ ရဟန်းတစ်ပါးကြွလာတော့ "အရှင်ဟိုမှာ ရဟန်းတစ်ပါး ကြွလာတယ်" လို့ ဒီလိုပြောတဲ့အခါကျတော့ ငါအနှစ်ငါးဆယ်ရှိပြီ၊ ဒီရဟန်းကို ငါကလည်း မမြင်ဖူးဘူး၊ သူကလည်းမမြင်ဖူးဘူး။ ငါကလည်း မသိဘူး။ သူကလည်း မသိဘူး။ သူ့ကျေးဇူးလည်း မရှိဘူး။ ငါ့ကျေးဇူးလည်း မရှိဘူး။ သွားပြောချေဆိုတော့ ဒကာမက သွားတာပေါ့။ ဟိုကျတော့ သူပြောသလိုတော့ မပြောပါဘူး။ ကန်တော့ဆွမ်းပါတဲ့ဘုရား။ လျှောက်ထားတဲ့အခါကျတော့ ဒါယကာ ဘယ့်နှယ်နေတုန်းလို့ မေးတဲ့အခါကျတော့ ဒါယကာကတော့ အလွန် အားနည်းနေပါတယ်ဘုရား။ ဒီဝေဒနာမှ ထမြောက်နိုင်မှာ မဟုတ်ပါဘူးဘုရားလို့ လျှောက်ထားတဲ့ အခါကျတော့ သူလိုက်ကြွလာတာပေါ့၊ အနားရောက်တော့ ခင်းပေးတဲ့နေရာမှာ ထိုင်ပြီးတော့မှ ဒါယကာ သီလများ မဆောက်တည်လိုဘူးလားလို့ မေးတဲ့အခါ ဆောက်တည်ပါမယ်ဘုရားလို့ လျှောက်ထားတဲ့အခါကျတော့ ဒါနဲ့ သူသီလပေးတာပေါ့။ သီလ ပေးတော့ သီလကျအောင် မရောက်ဘူး။ သရဏဂုံလည်း ဆုံးရော့၊

နှစ်ပြီး ခေ ရော့။ သေသည်၏ အခြားမဲ့၌ သူ နတ်ပြည် ရောက်သွားတာပေါ့။ နတ်ပြည်ရောက်တဲ့ အခါကျတော့မှ ဟာ ဒါဘာကြောင့် နတ်ပြည်ရောက်ပါလိမ့်လို့ သူစူးစမ်း ဆင်ခြင်ကြည့်တဲ့အခါကျတော့ ဩဘ်ဒီရဟန်း၏ ဂုဏ်ကျေး ဇူး တယ်ကြီးပါလား၊ ကျေးဇူးတယ်များပါလား၊ ငါမှာ သရဏဂုံဆောက်တည်ရတဲ့အနှင့် နတ်ပြည်ကို ရောက်ရတယ်။ ငါဆင်းပြီးတော့ ဖူးမြော် ကန်တော့အုံးမှဘဲ ဟု ဆင်းလာ ပြီးတော့ မလှမ်းမကမ်း ကနေပြီး ရှိခိုးတဲ့အခါကျတော့ သင် ဘယ်သူတုန်းလို့ မေးတဲ့အခါ၊ တပည့်တော် အရှင်ဘုရား ငါးပါးသီလပေးတဲ့ "ဓမ္မဋ္ဌ" ဒါယကာပါဘုရား။ သင် ဘယ်ရောက်နေတုန်း မေးတဲ့ အခါကျတော့ တပည့်တော် အထက်နတ်ပြည်ကို ရောက်နေပါတယ်ဘုရား၊ အရှင်ဘုရား ငါးပါးသီလကျအောင်များ ပေးလို့ရှိလျှင်ဖြင့် တပည့်တော် အထက်အထက်ဘုံကို ရောက်ပါသယ်။ ယခုတော့ သရဏဂုံမို့ လို့ အောက်ဘုံ စတုမဟာရာဇ်မှာ နေရပါတယ် ဘုရားဟု လျှောက်ထားပြီးသကာလ ရှိခိုးပြီးတော့ ပြန်သွားတယ်တဲ့။

အဲဒီလို အင် တန်ဆိုးတဲ့ သူတွေတောင်မှ ဒီသရဏဂုံ ကုသိုလ်က အားကောင်းတော့, အားကြီးတော့, သူ့မှာ မှီခိုရာ အားထားရာ ဘယ်လောက်များရထားတုန်းဆိုတော့ ဒီဝတ္ထုများကို ထောက်ဆသဖြင့် ငါတို့လည်းဘဲ ဤကဲ့သို့ ရမှာဘဲဆိုတာ ယုံယုံကြည်ကြည် ဝမ်းမြောက်ဝမ်းသာနှင့် ဒီသရဏဂုံကို ဆောက်တည်ကြရအောင်၊ အဲဒီလိုဆောက် တည်တဲ့အခါမှာလည်း ကိုယ့်စိတ်ကို ရည်မှန်းတတ်ကြဖို့

ရည်ညွှန်းတတ်ကြဖို့ ဘာဖြစ်လို့တုန်းဆိုတော့ တို့ဒကာတစ်ယောက်မေးဘူးတယ်။

"အရှင်ဘုရား အခု သရဏဂုံပေးပေးနေတဲ့ ဥစ္စာ ကိုယ့်ခန္ဓာကိုယ်ကို ဘုရားကိုလှူရမယ်, တရားကိုလှူရမယ်, သံဃာကိုလှူရမယ်ဆိုတာ ဘယ်ဘုရားကိုလှူရမှာတုန်း၊ ဘယ်တရားကို လှူရမှာတုန်း၊ ဘယ်သံဃာကို လှူရမှာတုန်း" လို့ ဒီလိုမေးဘူးတယ်၊ မေးတဲ့သူက အဲဒါ ဘယ်သူတုန်းဆိုတော့ အခြားမဟုတ်ဘူး ရွှေအုပ်တဲ့ နာမည်ကာ။

အဲဒီတော့ ဘုရားဆိုတာ ဟုတ်ဟုတ်ညားညားဘုရားမဟုတ်ဘူး၊ ဘုရားအစစ်ကို လှူရမှာ၊ တရားဆိုတာလည်း ဟုတ်ဟုတ်ညားညားတရားမဟုတ်ဘူး၊ တရားအစစ်ကို လှူရမှာ၊ သံဃာဆိုတာလည်း ဟုတ်ဟုတ်ညားညား သံဃာမဟုတ်ဘူး၊ သံဃာအစစ်ကို လှူရမှာ၊ အဲဒီလို ဘုရားအစစ်, တရားအစစ်, သံဃာအစစ်ကိုလှူရသည့်အဖြစ်ကြောင့် ခုနက ပြောခဲ့တဲ့ အကျိုးတွေရတာလို့ 'ဘုရားအစစ်, တရားအစစ်, သံဃာအစစ်ဆိုတာဘယ်လိုဟာတုန်း"လို့သူကလာပြန်တယ်။

အဲဒါ ဘုရားအစစ်, တရားအစစ်, သံဃာအစစ်ကို မှတ်ကြဖို့ရာ ဘုရားအစစ်ဆိုတာ--

(က) ဘုရားအစစ်ဆိုတာ ဗုဒ္ဓေါ သဗ္ဗညုတ ဉာဏံ။

(ခ) တရားအစစ်ဆိုတာ ဓမ္မော လောကုတ္တရော နဝ။

(ဂ) သံဃာအစစ်ဆိုတာ သံဃော မဂ္ဂဖလဋ္ဌော စ။

ပြန်ရှင်းပြဦးမယ်။ ဘုရားအစစ်ဆိုတာ သဗ္ဗညုတဉာဏ်တော်ကိုရတဲ့ သက်တော်ထင်ရှားရှိတဲ့ ဘုရားကိုရည်မှန်းပြီး သကာလ ကိုယ့်ခန္ဓာကိုယ်ကို လှူဒါန်းကြဖို့။

တရားအစစ်ဆိုတာလည်း "နဝဓမ္မာ လောကုတ္တရာ နဝ" လောကုတ္တရာတရား ကိုးပါးဆိုတာ မဂ်က လေးပါး, ဖိုလ်က လေးပါး၊ ပေါင်းလိုက်တော့ ရှစ်ပါးဖြစ်တယ်၊ ဒီအထဲမှာ နိဗ္ဗာန်ထည့်လိုက်တော့ ကိုးပါးဖြစ်တယ်။ အဲဒီလောကုတ္တရာတရား ကိုးပါးကို ရည်မှန်းပြီး သကာလ ကိုယ့်ခန္ဓာကိုယ်ကို လှူဒါန်းကြဖို့။

သံဃာအစစ်ဆိုတာကလည်း "သံဃော မဂ္ဂဖလဋ္ဌောစ" မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာကို ရည်မှန်းပြီး သကာလ ကိုယ့်ခန္ဓာကိုယ်ကို လှူဒါန်းကြဖို့။

အဲ အခုပြောတာ အားလုံးသဘောပေါက် နားလည်ကြပြီမဟုတ်လား။ ကဲ-ကိုယ့်ခန္ဓာကိုယ်ကို ရည်မှန်းပြီးတော့ လှူဒါန်းကြရအောင် လိုက်ဆိုကြ။

အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊
အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိ၊
အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိ၊
ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ, တတိယမ္ပိ,

အဇ္ဇ အာဒိံ ကတွာ၊ ယနေ့ကို အစပြု၍။

အဟံ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာတေမိ၊ အပ်နှင်းလှူဒါန်းပါ၏။

ဓမ္မဿ၊ တရားတော်အား။ နိယျာတေမိ၊ အပ်နှင်းလှူဒါန်းပါ၏။

သံဃဿ၊ သံဃာတော်အား။ နိယျာတေမိ၊ အပ်နှင်းလှူဒါန်းပါ၏။

ဇီဝိတ ပရိယန္တိကံ၊ အသက်ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဇီဝိတ ပရိယန္တိကံ၊ အသက်ဆုံးသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဇီဝိတ ပရိယန္တိကံ၊ အသက်ဆုံးသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

အဲဒီနေ့ကစပြီးတော့ ငါတို့တသက်သုံး အသက်ဆုံးသည့်တိုင်အောင် သရဏဂုံ အမြဲတည်ပြီလို့ အားလုံး ဒီလိုမှတ်ယူကြ၊ ဘာလုပ်လုပ်မပျက်တော့ဘူး၊ အယူတစ်ပါးယူလျှင်တော့ မတည်တော့ဘူး။

ကိုင်း သိက္ခာပုဒ် ဆောက်တည်ကြရအောင်-

(က) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ခ) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

(ဂ) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ဃ) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(င) သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။
တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ
အပ္ပမာဒေန သမ္ပာဒေထ။

## ငါးပါးသီလ အကျယ် အကျိုးများဖွယ်

ယခု ဆက်လက် ဟော လိုက်မယ်နော်။

သရဏဂုံ ကုသိုလ်အားကောင်းပုံ, အားကြီးပုံ, အားကိုးရပုံ, အကျိုးများပုံ အားလုံးသဘောပေါက် နားလည်ကြပြီနော်။

နားလည်ပါတယ်ဘုရား။

အဲဒီတော့ ဒီငါးပါးသီလကုသိုလ် အားကောင်းပုံ, အားကြီးပုံ, အားကိုးရပုံ အကျိုးများပုံကိုလည်း အထူးသာတိထားပြီးတော့ မှတ်သားကြဖို့ရာ–

ပါဏာတိပါတာဆိုတာ အသက်ရှိတဲ့သတ္တဝါကို မသတ်ကောင်းဘူးတဲ့။

အဒိန္နာဒါနာ ဆိုတာ သူတစ်ပါးဥစ္စာကို ကိုယ်ဖြင့် နှုတ်ဖြင့်၊ ရှောလို့ အင့်လို့ မပေးတဲ့နှင့် မြက်တစ်ဆုပ် ဝါးတစ်ခြမ်းမျှ မယူကောင်းဘူးတဲ့။

ကာမေသု မိစ္ဆာစာရ ဆိုတာ သူတစ်ပါး သားမယား ကိုလည်း မပြစ်မှားကောင်းဘူးတဲ့။

မုသာဝါဒါ ဆိုတာ မဟုတ်မမှန်တဲ့ စကားကိုလည်း မပြော မဆိုကောင်းဘူးတဲ့။

သုရာမေရယ ဆိုတာ သေအရက်ကိုလည်း မသောက် ကောင်းဘူး။

ဒီငါးပါးကလေးကို တစ်ရက်ကိုကျကျ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်မယ်ဆိုလျှင် အသက်တစ်ရာ နေမှ တဲ့သူထက် မြတ်ပြီတဲ့။

အသက်တစ်ရာင် နေရစေသော်လည်းတဲ့ ဒီသီလတစ်ရက်မှ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်လို့ ရှိလျှင်လည်း တစ်ရက်ထဲစောင့်ရှောက်ထိန်းသိမ်းပြီးသေရတဲ့ သူလောက် မမြတ်ဘူးတဲ့။ အဲဒါကြောင့် ခံယူဆောက်တည် တဲ့အခါများမှာ ပေါ့ပေါ့တန်တန်မလုပ်ကြဖို့ အထူးသဖြင့် သတိထားပြီးတော့ လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်း ကြဖို့၊ အခုပြောတော့ အားလုံးသဘောပေါက် နားလည်ကြ တယ်မဟုတ်လား။

နားလည်ပါတယ်ဘုရား။

အဲဒီတော့ ဒီသီလဟာ သီလဘင်မကသေးဘူး၊ ဘုရားက ဒါနလိုဟောထားတော်မူတယ်။ ဒါနမှချစ်သားတို့ ဘယ်အလှူမှ

မမှိုလို့ ပစ္စည်းတွေ ဘယ်လောက်ပွင်ကုန်အောင် ခန်းအောင် လှူသော်လည်း သူ့ကိုမမှိုလို့ အဲဒါကြောင့် မဟာဒါနတဲ့၊ ဒီငါးပါးသီလဟာ သီလတင်မကဘူး၊ ဒါန ဒါနမှသာမည မဟုတ်ဘူး၊ မဟာဒါန၊ အဲဒီဒီတာ အရှင်ဘုရား ဘာလှူလို့ မဟာဒါနတုန်း၊ တပည့်တော် ယခု ဆောက်တည်နေတာ သီလပါ၊ ဒီလိုမေးစရာ အကြောင်းမရှိပေဘူးလား။

ရှိပါတယ်ဘုရား။

အဲ လှူတယ်တဲ့၊ ဘာလှူတုန်း။

အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ၊ အဝေရံ ဒေတိ၊ အဗျာပဇ္ဇံ ဒေတိ တဲ့။

အတိုင်းမသိ ရှိရှိသမျှ သတ္တဝါဟူဟူသရွေ့ဘိုကိုဘေးမရှိသည်ကိုလည်း ပေးလှူသည်မည်တယ်၊ ရန်မရှိသည်ကိုလည်း ပေးလှူသည် မည်တယ်၊ ကြောင့်ကြစိုးရိမ်မှု မရှိသည်ကိုလည်း ပေးလှူသည် မည်တယ် တဲ့။ အဲဒါကြောင့် မဟာဒါန။

ကဲ အခုအခါမှာဆိုလျှင်ဘယ်သွားသွား၊ ဘယ်ထားထား၊ ဘယ်နေနေ၊ ဘယ်အိပ်အိပ်၊ တထိတ်ထိတ် တလန့်လန့်နှင့် စိတ်မချရဘူး။ စိတ်စနောင့်စနင်း အနှောက်အယှက်တွေ မများကြဘူးလား။

များပါတယ်ဘုရား။

အာ့ကြောင့်တုန်းလို့ မေးလျှင် ဖြေတတ်ကြပါ့မလား။ ငါးပါးသီလ မလုံတဲ့သူတွေကို ကြောက်နေရတာ၊ ဟောဒီ

ငါးပါးသီလ မဟာဒါန လှူထားတဲ့သူ အတွက်ကတော့ ကိုယ်သွားချင်ရာသွား၊ ထားချင်ရာထား၊ နေချင်ရာနေ၊ အိပ်ချင်ရာအိပ်တဲ့။ စိတ်ချ ဘယ်သောအခါမှ တစ်ဖက်သားကို ဘေးကိုလည်း မဖြစ်စေတတ်ဘူး။ ဘယ်သောအခါမျှ ရန်ကိုလည်း မဖြစ်စေတတ်ဘူး။ ဘယ်သောအခါမျှ ကြောင့်ကြ စိုးရိမ်မှု ကိုလည်း မဖြစ်စေတတ်ဘူး၊ အဲဒါကြောင့် မဟာဒါန။

အဲဒီတော့ အရှင်ဘုရား ဒီမဟာဒါနကို လှူလို့ရှိလျှင် ဘယ်လောကမျှား ကုသိုလ်တွေ့မှာတုန်း၊ ဘယ်လောက်ား အကျိုးတွေများမှာတုန်း။ ဒီလိုမေးစရာ အကြောင်း မရှိပေဘူးလား။

ရှိပါတယ်ဘုရား။

အဲဒီတော့ ဘုရားက မေးတယ်။ ဘယ်လိုမေးတုန်းဆိုတော့ ချစ်သားကို လောကမှာ လူတို့၏စည်းစိမ် အကြီးအကျယ်အမြင့်မြတ်ဆုံး ဘယ်သူတုန်းတဲ့။

အရှင်ဘုရား လောကမှာဆိုလျှင်ဖြင့် လေးကျွန်းလုံးကို အုပ်စိုးရတဲ့ စကြာမင်းဆိုတာ လူမှာတော့ စည်းစိမ် အကြီးအကျယ် အမြင့်မြတ်ဆုံးပါဘဲဘုရား။ လူမှာတော့ ကုန်ပါပြီ။ ဆုံးပါပြီဘုရားလို့ လျှောက်ထားတဲ့အခါကျတော့၊ ဒေအး လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်း၏ စည်းစိမ်ဆိုတာ ဟောဒီ ငါဘုရား၏လက်ထဲက ခဲလောက်ရှိတယ်တဲ့။ ဘုရားက ခဲကောက်ပြတယ်။ ဟောဒီ ငါးပါးသီလ မဟာဒါနလှူတဲ့ သူမယ် ခံစားရမယ့် စည်းစိမ်ကတော့ ရွှေဖြစ်ရမည့် ဘဝကျ

တောကို ဟိမဝန္တာတောင်ယောက်ရှိတဲ့စည်းစိမ်ကြီးကိုရမှာ၊ အဲဒီလောက် ကြီးကျယ်တဲ့ စည်းစိမ်ကြီးကို ရကာလို့ရှိလျှင် မင်းတို့ ဘယ်လို ကျေးကျေးမွှေးမွှေး ပေးပေး ကမ်းကမ်း၊ လှူလှူတန်းတန်း၊ မကုန်မခန်းနိုင်အောင် ပေါများနေတာ ဒီလိုများဖြစ်ရလျှင် မကောင်းကြပေဘူးလား။

ကောင်းပါတယ်ဘုရား။

ဖြစ်ကော မဖြစ်ချင်ကြဘူးလား။

ဖြစ်ချင်ပါတယ်ဘုရား။

ဖြစ်ချင်လျှင် ဟောဒီမဟာဒါနကို လှူကြဖို့ ဘာတက်ပြားတစ်ချပ်မျှ မကုန်ဘူးနော်။ အဲဒီလောက်ဘဲ ကောင်းတယ်။ ဟောဒီ မဟာဒါနကြီးကို လှူလိုက်မယ် ဆိုလျှင် အပယ်လေးပါးဆိုတာ ခုန်ချလို့တောင် မကျတော့ဘူး။ နိဗ္ဗာန်ရသည့်တိုင်အောင်လည်းဘဲ ဖြစ်လေရာဘဝမှာ ထိပ်တန်းကချည်း ဖြစ်သွားရမှာနော်။ ဟုတ်ကဲ့လား။

တင်ပါ့ဘုရား။

သာယာပေါက် နားလည်ကြရဲ့ မဟုတ်လား။

နားလည်ပါတယ်ဘုရား။

ကုသိုလ်တော့ မကြောက်ကြဘူး မဟုတ်လား။

မကြောက်ပါဘူး ဘုရား။

ကုသိုလ်ကို မကြောက်ကြနဲ့၊ ကုသိုလ် ကြောက်လျှင် ဆင်းရဲမယ်၊ ကုသိုလ်ကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ကုသိုလ်ယူရတယ်။ ဟောဒီ ကုသိုလ်ဟာ သာပြီးတော့ကောင်းတယ်။

ယခုအချိန်မှာ အသက်ကလည်းဘဲ အင်မတန်တိုတောင်း တယ်။ အနာရောဂါကလဲ အင်မတန်ထူပြောတယ်။ ဖြတ်ကနဲ ဖြတ်ကနဲ သေဆုံးသွားတော့ ကိုယ့်မှာ တကယ် လက်ဆုပ် လက်ကိုင် သာမျှ အားကိုးစရာ မရှိဘူးနော်။

တင်ပါ့ဘုရား။

ဟောဒီ မဟာဒါနကတော့ နိဗ္ဗာန်ရောက်သည့် တိုင် အောင် မဆင်းရဲသေးဘူး။ အဲဒီလောက်ထဲကောင်းတယ်။ အဲဒီလိုသိတဲ့ဘဝကိုလဲ အင်မတန်ရခဲတယ်။ ရလာတဲ့ အခါ မှာ ကြိုးစားပြီးတော့ ဟောဒီ မဟာဒါနကြီးကိုလှူကြဖို့ရာ အားလုံး သဘောပေါက် နားလည်ကြရဲ့ မဟုတ်လား။

နားလည်ပါတယ် ဘုရား။

အေး လှူဒါန ချင်တယ်။ အဲဒီတော့ကိုယ့်စိတ်ကို အလို လိုက်လို့သာ ဖြစ်ကြရတာ၊ ကိုယ့်စိတ်ကို အလိုမလိုက်ဘဲ ခပ် တင်းတင်းကလေး ထားပြီးတော့ လုံခြုံအောင် စောင့် ရှောက် ထိန်းသိမ်းနိုင်မယ်ဆိုလျှင် ဖြစ်နိုင်တဲ့အကြောင်း ပြောပြဦးမယ်။ ဥပမာ သူတစ်ပါးအသက်ကို မသတ်ရခြင်း ကြောင့် ကိုယ့်မှာ တစ်စုံတစ်ခု ထိခိုက်စရာ အကြောင်းများ ရှိပါသလား။

မရှိပါဘုရား။

သူတစ်ပါးပစ္စည်းကို မခိုးရခြင်းကြောင့်ကော ကိုယ့်မှာ တစ်စုံတစ်ခု ထိခိုက်စရာ အကြောင်းများရှိပါသလား။

မရှိပါဘုရား။

သူတစ်ပါး သားမယားကို မပြစ်မှားရခြင်း ကြောင့်ကော ကိုယ့်မှာ တစ်စုံတစ်ရာ ထိခိုက်စရာ အကြောင်းများ ရှိပါသလား။

မရှိပါဘုရား။

မဟုတ်မမှန်တဲ့ စကားကို မပြောမဆိုရခြင်း ကြောင့်ကော ကိုယ့်မှာတစ်စုံတစ်ရာ ထိခိုက်နစ်နာစရာ အကြောင်း များ ရှိပါသလား။

မရှိပါဘုရား။

သေအရက်ကို မသောက်ရခြင်းကြောင့်ကော ကိုယ့်မှာ တစ်စုံတစ်ခု ထိခိုက်စရာအကြောင်းများ ရှိပါသလား။

မရှိပါဘုရား။

အေး ဘာမျှထိခိုက်စရာ, နစ်နာစရာ, ရှုံးရှုံစရာ, ဆုတ်ယုတ်စရာ မရှိဘူးဆိုတာ သဘောပေါက် နားလည်ကြပြီ မဟုတ်လား။

နားလည်ပါပြီဘုရား။

အေး တို့ဘုရားကလည်း မေးတော်မူတယ်၊ ဘယ်လိုမေးတော်မူတုန်းဆိုတော့ "ချစ်သားတို့ သူတစ်ပါး အသက်ကို မသတ်ရခြင်းကြောင့် ဒါလည်း မှတ်ကြဖို့ရာ၊ သူတစ်ပါး အသက်ကို မသတ်ရခြင်းကြောင့်, သူတစ်ပါး ပစ္စည်းကို မခိုးရခြင်းကြောင့်, သူတစ်ပါး သားမယားကို မပြစ်မှား ရခြင်းကြောင့်, မဟုတ်မမှန်တဲ့ စကားကို မပြောမဆိုရ

ခြင်းကြောင့်, သေအရက်ကို မသောက်ရ ခြင်းကြောင့်, ထိုသူကို မင်းတို့သည် ဖမ်းပြီးသကာလ ညှဉ်းဆဲ၊ ပုတ်ခတ်၊ သတ်ဖြတ် ပစ်တာများ မြင်ဘူးကြရဲ့လား ချစ်သားတို့၊ ကြားဘူးကြရဲ့လား ချစ်သားတို့'' ဒီလို မေးတော်မူတယ်၊ မြင်ဘူးကြရဲ့လား။

မမြင်ဘူးပါဘုရား။

ကြားကော ကြားဘူးကြရဲ့လား။

မကြားဘူးပါဘုရား။

အေး, သာဓုခေါ်တယ်၊ ဘုရားက– "သာဓု ချစ်သားတို့၊ ငါဘုရားလည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး'' တစ်ခါ မေးတော်မူပြန်တယ်။

ချစ်သားတို့ သူတစ်ပါးအသက်ကို မသတ်ရခြင်းကြောင့်, သူတစ်ပါး ပစ္စည်းကို မခိုးရခြင်းကြောင့်, သူတစ်ပါးသားမယားကို မပြစ်မှားရခြင်းကြောင့်, မဟုတ်မမှန်တဲ့ စကားကို မပြောမဆိုရ ခြင်းကြောင့်, သေအရက်ကို မသောက်ရခြင်းကြောင့် ထိုသူကို မင်းတို့သည် ဖမ်းပြီးသကာလ ကြိုးထိပ်နှောင်တည်း ထောင်ထဲများ လှောင်သွင်းထားတာ မြင်ဘူးကြရဲ့လား ချစ်သားတို့၊ ကြားဘူးကြရဲ့လား ချစ်သားတို့၊ ဒီလိုမေးတော်မူတယ်။ မြင်ဘူးကြသလား။

မမြင်ဘူးပါဘုရား။

ကြားကောကြားဘူးကြသလား။

မကြားဘူးပါဘုရား။

ဧဒး, သာဝုဒေါ်ဟာယ်၊ ဘုရားက "သာဝုချစ်သားတို့၊ ငါဘုရားသည်၊ မမြင်ဖူးဘူး၊ ကြားလည်းမကြားဖူးဘူး"တဲ့၊ တစ်ခါမေးပြန်တယ်၊

ချစ်သားတို့ သူတစ်ပါးအသက်ကို မသတ်ရခြင်းကြောင့်, သူတစ်ပါး ပစ္စည်းကိုမခိုးရခြင်းကြောင့်, သူတစ်ပါး သားမယားကို မပြစ်မှားရခြင်းကြောင့်, မဟုတ်မမှန်တဲ့စကားကို မပြောမဆိုရခြင်းကြောင့်, သေအရက်ကို မသောက်ရခြင်းကြောင့်, ထိုသူကို မင်းတို့သည် ဖမ်းပြီးသကာလ ပြည်မှအပ, တိုင်းမှအပ, နှင်ထုတ်ပစ်တာမျိုး မြင်ဘူးကြသလား ချစ်သားတို့ ကြားဘူးကြသလား ချစ်သားတို့၊ ဒီလိုမေးတော်မူတယ်။ မြင်တော့ မြင်ဘူးကြရဲ့လား။

မမြင်ဘူးပါဘုရား။

ကြားတော့ ကြားဘူးရဲ့လား။

မကြားဘူးပါဘုရား။

အေး သာဝုဒေါ်တယ်၊ ဘုရားက သာဝု ချစ်သားတို့၊ ငါဘုရားသည်; မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး တဲ့၊ အဲဒီတော့ အခုအခါမှာဆိုလျှင်ဖြင့် ထောင်ထဲရောက်နေတာ ဘယ်ပို လူမျိုးတွေပါလိမ့်၊ ဒီလိုမျိုးမေးလျှင် ဖြေတက်ကြပါ့မလား။

ငါးပါးသီလ မလုံတဲ့သူတွေပါဘုရား။

အေး ဟုတ်တာပေါ့၊ ငါးပါးသီလ မလုံတဲ့သူတွေ ထောင်အချခံရတာ၊ ငါးပါးသီလ လုံတဲ့သူတွေ ထောင်အချခံရပါ့မလား။

မခံရပါဘုရား။

ကိုင်း ကျွန်းအပိုခံရတာကော ဘယ်လို လူမျိုးတွေပါ လိမ့်။

ငါးပါးသီလ မလုံတဲ့သူတွေပါဘုရား။

အေး ငါးပါးသီလ မလုံတဲ့သူတွေ ကျွန်းအပိုခံရပြီ။ ငါးပါးသီလ လုံတဲ့သူတွေ ကျွန်းအပိုခံရပါ့မလား။

မခံရပါဘုရား။

ကိုင်း ကြိုးအပေးခံရတာကော ဘယ်လိုလူမျိုးတွေပါ လိမ့်။

ငါးပါးသီလ မလုံသူတွေပါဘုရား။

အေး ငါးပါးသီလ မလုံသူတွေတော့ ကြိုးပေးခံရပြီ။ ငါးပါးသီလ လုံသူတွေကော ကြိုးအပေးခံရပါ့မလား။

မခံရပါဘုရား။

အေး ငါးပါးသီလ မလုံတဲ့သူတွေမှာဖြင့် ထောင်ချခံရပြီ၊ ကျွန်းအပိုခံရပြီ၊ ကြိုးအပေးခံရပြီ၊ ဘယ်လောက် ကြောက်စရာ ကောင်းထားတုန်း ဆိုတော့ ဒေသည်၏ အခြားမဲ့၌ ငရဲကျဦးမှာ၊ ငရဲက ထွက်လာတော့လဲဘဲ အကြိမ်ကြိမ် အဖန်ဖန် အသတ်ခံရဦးမှာ၊ အဲဒါကြောင့် သူ့ဘစ်ပါးအသက်ကို မသတ်ကြနှင့်လို့ ဘုရားကဆုံးမတော်မူတယ်။ အဲ-ခုပြောတာ အားလုံး သဘောပေါက်နားလည်ကြပြီမဟုတ်လား။

နားလည်ပါတယ်ဘုရား။

အဲဒါ သီလရဲ့ အကျိုးဘဲ။

ပြီးပါပြီ။

# မဟာသတိပဋ္ဌာန်တရား ရှုပွားနည်း

## ဓေယျတုသဗ္ဗမင်္ဂလံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဂီသူမြတ် ပရိသတ်တို့၊ ဤသတ္တဝါ သံသရာတွေဟာ အဘယ်အကြောင်းကြောင့်ဖြစ်နေတာတုန်းဆိုတော့၊ အဝိဇ္ဇာနှင့် တဏှာကြောင့်ဖြစ်နေတာလို့ ဘုရားရှင်က ဟောတော်မူတယ်၊ ဘယ်လို ဟောတော်မူပါသတုန်းဆိုတော့–

ယာယစ ဘိက္ခဝေ အဝိဇ္ဇာယ နိဝုတဿ
ဗာလဿ ယာယစ တဏှာယ သံယုတ္တဿ
အယံကာယော သမုဒါဂတော-လို့ ဟောတော်မူတယ်။

## အနက်ကတော့

ဘိက္ခဝေ၊ ရဟန်းတို့။ ယာယ အဝိဇ္ဇာယ၊ အကြင်အဝိဇ္ဇာသည်၊ နိဝုတဿစ၊ ဖုံးလွှမ်းအပ်သည်လည်းဖြစ်သော။ ယာယ တဏှာယ၊ အကြင်တဏှာနှင့်။ သံယုတ္တဿစ၊ ယှဉ်သည်လည်းဖြစ်သော။ ဗာလဿ၊ လူမိုက်၏။ အယံကာယော၊ ဤကိုယ်ကောင်သည်။ သမုဒါဂတော၊ ဖြစ်၏လို့ ဟောတော်မူတယ်။

ဤကိုယ်ကောင်ကြီးဟာ အဝိဇ္ဇာနှင့် တဏှာကြောင့်ဖြစ်နေတာတဲ့၊ အဲဒီတော့ အဝိဇ္ဇာဟာ မဖြစ်အောင် အရေး

အကြီးဆုံးဖြစ်တယ်။ တဏှာဆိုတာကတော့ အဝိဇ္ဇာမှ မဖြစ်လို့ရှိလျှင် ဖြစ်ခွင့်မရနိုင်ဘူး။ အဘယ့်ကြောင့်တုန်းလို့ ဆိုတော့ တဏှာ၏မှီရာ တည်ရာ အခြေခံ အဝိဇ္ဇာမရှိသောကြောင့်ဘဲ၊ တဏှာသည် အခြေခံအဝိဇ္ဇာရလို့ရှိလျှင် ဘဝခန္ဓာကိုယ်ကို ရတော့တာဘဲတဲ့။

ထို့ကြောင့်- အဝိဇ္ဇာပလဒ္ဓိယာ ခန္ဓော ဥပလဗ္ဘတိ တဲ့။

အဝိဇ္ဇူပလဒ္ဓိယာ၊ အဝိဇ္ဇာရသည့်ရှိသော်။ ခန္ဓော၊ ခန္ဓာကိုယ်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏တဲ့။ အဝိဇ္ဇာကို ရလျှင်တော့ ခန္ဓာကိုယ်ကို ရတော့မှာတဲ့။

အဲဒီတော့ အဝိဇ္ဇာမဖြစ်အောင် ကြံဖို့ဘဲ၊ ကြံနိုင်ကြပါ့မလား။

## သမ္မာဉာဏ်ပဗ္ဗ

### ဘုရားကတော့

နာဟံဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ
ယေန အနုပ္ပန္နာဝါ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။
ဥပ္ပန္နာဝါ အကုသလာဓမ္မာ ပရိဟာယန္တိ
ယထိဒံ ဘိက္ခဝေ သမ္မာဉာဏံ။

သမ္မာဉာဏနသာ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာစ အကုသလ ဓမ္မာ ပရိဟာယန္တိ။

မဖြစ်သေးတဲ့ ကုသိုလ်တရားဖြစ်ဘာ၊ ဖြစ်ပြီးတဲ့အကုသိုလ်တရား ပျက်စီးတာ၊ တခုသောတရားကိုထား၍ ငါဘုရား ပညာမျက်စိနှင့်ဝေဝေဆာဆာကြည့်ရှု၍ မမြင်ဘူး ချစ်သားတို့။

သမ္မာ ပဇာနာတီတိ သမ္ပဇာနံ ဟူသော အဋ္ဌသာလိနီလာ ရှိသည့်နည်းအညီ သိလွယ်အောင် တစ်ပိုင်းတစ်စ ခွဲ၍ ဖြတ်ပြီး ပြောပြမယ်။

အသိခတ ပိတော ခါယိတော သာယိတော

သမ္ပဇာနကာရီ ဟောတိ။

## အစိပ္ပာယ်ကတော့

အသိတော အရ၊ စားတာကို စားတယ် စားတယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ (ဝိဂ္ဂိုဟ်)ဝိဒ္ဓတိ ဇာနာတီတိ ဝိဇ္ဇာ။ ဝိသေသေန ဇာနာတီတိ ဝါ ဝိဇ္ဇာ။ စားတဲ့အခါတိုင်း စားတယ် စားတယ်လို့ အထူးသိတာကို ဝိဇ္ဇာလို့ ခေါ်တယ်။ စားတာကို စားတယ် စားတယ်လို့ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။ (ဝိဂ္ဂိုဟ် န ဝိဇာနာတီတိ အဝိဇ္ဇာ အဝိဇ္ဇာဝုစ္စတိ အညာဏံ၊ စားတဲ့အခါ မသိတာကို အဝိဇ္ဇာလို့ခေါ်တယ်။

ပိတော့အရ၊ သောက်တာကိုရေသောက်သောက် လက်ဖက်ရည်သောက်သောက်၊ ဆေးသောက်သောက်၊ သောက်တာကို သောက်တယ် သောက်တယ်လို့ သိလျှင် ဝိဇ္ဇာ ဖြစ်တယ်။ သောက်တော့ သောက်နေတာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

ခါယိတော့အရ၊ အမြစ်ခဲဖွယ် ဥခဲဖွယ် စသည်ကိုကိုက်၊ ကိုက်တယ် ဝါး၊ ဝါးတယ်၊ စား၊ စားတယ်သိလျှင် ဝိဇ္ဇာဖြစ်တယ်။ ကိုက်တော့ ကိုက်တာဘဲ၊ ဝါးတော့ ဝါးတာဘဲ၊ စားတော့ စားတာဘဲ၊ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

သာယိတေ့အရ၊ ပျား၊ တင်လဲစသည် လျက်သော အခါ လျက်လျက်တယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ လျက်တော့ လျက်တာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

ဥစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာနကာရီ ဟောတိအရ၊ ကျင်ကြီး ကျင်ငယ်စွန့်တဲ့အခါ၊ စွန့်တာကို စွန့်တယ် စွန့်တယ် လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်၊ စွန့်တော့ စွန့်နေတာဘဲ အသိ မပါလျှင် အဝိဇ္ဇာဖြစ်တယ်။

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။

## အဓိပ္ပာယ်

ဂတေ့အရ၊ သွားတာကို သွားတယ် သွားတယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ သွားတော့ သွားတာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

ဌိတေ အရ၊ ရပ်တာကို ရပ်တယ် ရပ်တယ်လို့ သိလျှင်ဝိဇ္ဇာ ဖြစ်တယ်။ ရပ်တော့ ရပ်တာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

နိသိန္နေ အရ၊ ထိုင်တာကို ထိုင်တယ် ထိုင်တယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ ထိုင်တော့ ထိုင်တာဘဲ၊ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

သုတ္တေ အရ၊ အိပ်တာကို အိပ်တယ် အိပ်တယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ အိပ်တော့ အိပ်တာဘဲ၊ အသိမပါလျှင်အဝိဇ္ဇာ ဖြစ်တယ်။

ဇာဂရိတေ အရ၊ အိပ်ရာကနိုးတာကို နိုးတယ် နိုးတယ် လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ အိပ်ရာက နိုးတော့ နိုးတာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

ဘာသိတေ အရ၊ စကားပြောတာကို ပြောတယ် ပြော တယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ ပြောတော့ ပြောတာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

တုဏှီဘာဝေ အရ ဆိတ်ဆိတ်နေတာကို ဆိတ်ဆိတ်နေ တယ်၊ ဆိတ်ဆိတ်နေတယ်လို့ သိလျှင် ဝိဇ္ဇာ ဖြစ်တယ်။ ဆိတ်ဆိတ်တော့နေတာဘဲ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

သိသည်ရှိသော် ဝိဇ္ဇာဖြစ်၏။ မသိလို့ရှိလျှင် ဘာဖြစ်ပါ့ မတုန်း၊ မသိလို့ရှိလျှင် အဝိဇ္ဇာ ဖြစ်ပါတယ်ဘုရား။ အဲ- ဟုတ်ပြီ၊ မင်းပြောတာမှန်တယ်၊ ဘာကြောင့်တုန်းဆိုတော့ အဝိဇ္ဇာ ဝုစ္စတိ အညာဏံ ဟု ဆိုသောကြောင့် မင်းပြော တာမှန်တယ်။ အညာဏံ၊ မသိတာကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏- တဲ့။ ခေါင်ရေ မှန်လိုက်တာ၊ အဝိဇ္ဇာ ရယ်, မောဟရယ်, မသိတာရယ် အတူတူဘဲ။ ဝိဇ္ဇာရယ် အမောဟရယ် သိတာရယ် အတူတူဘဲ။ မသိတော့ဘာဖြစ် သတုန်းကွယ့်၊ မသိတော့ မသိတာဘဲ ဘာမှ ဖြစ်ပါဘုရား၊ (ဟင်း) ချော်ပြီဟေ့, မသိလျှင် အဝိဇ္ဇာ မဖြစ်ဘူးလား။ ဖြစ်ပါတယ်ဘုရား။

အဲ- အဝိဇ္ဇာ ဖြစ်လို့ရှိလျှင်တော့ သင်္ခါရ ဝိညာဉ် နာမ် ရုပ် စသော ပဋိစ္စသမုပ္ပါဒ် လည်၍ သံသရာရှည်မည်၊ သိ သော် ဝိဇ္ဇာဖြစ်၏။ ဝိဇ္ဇာဖြစ်သည်ရှိသော် အဝိဇ္ဇာမဖြစ်၊

အဝိဇ္ဇာ ချုပ်၏။ အဝိဇ္ဇာ ချုပ်သည်ရှိသော် သင်္ခါရ ဝိညာဉ် နာမ် ရုပ်စသော ပဋိစ္စသမုပ္ပါဒ်ပြတ်၍ သံသရာရပ်ပြီ မလည်တော့ပြီ။

ဤသတ္တဝါ သင်္ခါရတွေဟာ အဝိဇ္ဇာဟူသောအကြောင်း ကြောင့် သင်္ခါရဟူသော အကျိုးတရား သတ္တဝါတွေဖြစ် ကြောင်းကို ဘုရားရှင်သည် ဤသို့ ဟောတော်မူ၏။

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ။

ဣတိ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ၊

ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိတိ လို့ဟောတော်မူ၏။

ဣတိ ဣမသ္မိံ၊ ဤအဝိဇ္ဇာဟူသော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ ဣဒံ၊ ဤသင်္ခါရဟူသော အကျိုး သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဣမဿ၊ ဤအဝိဇ္ဇာဟူသော အကြောင်း၏။ ဥပ္ပါဒါ၊ ဖြစ် ခြင်းကြောင့်။ ဣဒံ၊ ဤသင်္ခါရ ဟူသော အကျိုးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ ဣမသ္မိံ၊ ဤအဝိဇ္ဇာ ဟူသော အကြောင်းသည်။ အသတိ၊ မရှိလတ်သော်။ ဣဒံ၊ ဤ သင်္ခါရဟူသော အကျိုးသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဣမဿ၊ ဤအဝိဇ္ဇာဟူသော အကြောင်း ၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ ဣဒံ၊ ဤသင်္ခါရဟူသော အကျိုးသည်။ နိရုဇ္ဈတိ၊ ချုပ်၏ တဲ့။

အကျဉ်းအားဖြင့် ကိုယ်ဖြင့်ပြုတဲ့အမှု နှုတ်ဖြင့်ပြုတဲ့အမှု စိတ်ဖြင့်ပြုတဲ့အမှု အားလုံးကို အသိအမှတ် ပြုရမှာချည်းဘဲ။ ဒါကြောင့်–

"သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ" လို့ ဟောတော်မူတယ်။

**အနက်ကတော့**။ ။ဘိက္ခဝေ၊ ရဟန်းတို့။သဗ္ဗံ၊ အလုံး စုံကို။ အဘိညေယျံ၊ သိအပ်၏တဲ့။ ဘုရားရှင်ကတော့ ဝိဇ္ဇာဖြစ်စေချင်လို့ ဟောတော်မူတာဘဲ။ ဘယ်လိုဟော သတုန်းဆိုတော့ သွားတာကို သွားတယ်လို့ အစဉ်မပြတ် သိနိုင်ခဲ၏၊ သိသော်လည်း လုပ်နိုင်ခဲ၏၊ လုပ်သော်လည်း ဖြစ်နိုင်ခဲ၏တဲ့၊ အဘယ့်ကြောင့်ဆိုသော် အရိယာပုဂ္ဂိုလ်တို့၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် လွယ်လွယ်နှင့် ခက်၊ တိမ်တိမ်နှင့်နက် ဆိုတာ ဒီသတိပဋ္ဌာန် တရားဘဲတဲ့။ ထို့ ကြောင့်—

အဝိဇ္ဇာသမုဒယာ သင်္ခါရ သမုဒယော အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော တဲ့။

အဝိဇ္ဇာ သမုဒယာ၊ အဝိဇ္ဇာ ဟူသော အကြောင်း ဖြစ်သည်ရှိသော်၊ သင်္ခါရသမုဒယော၊ သင်္ခါရ ဟူသော အကျိုးသည် ဖြစ်၏။ အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာ ဟူသော အကြောင်း ချုပ်သည်ရှိသော်၊ သင်္ခါရနိရောဓော၊ သင်္ခါရ ဟူသော အကျိုးတရားသည် ချုပ်၏ တဲ့။

အကြောင်းနှင့် အကျိုးဆိုတာ ကွဲခဲတယ်၊ အကြောင်းနှင့် အကျိုးကွဲအောင် လွယ်လွယ်နှင့် မှတ်ပုံ....

ဥပမာ။ ။သစ်ပင်နှင့် အရိပ်ကဲ့သို့ မှတ်လေ၊ သစ်ပင် နှင့် အရိပ်မှာ သစ်ပင်က အရင်ဖြစ်လို့ အကြောင်း။ အရိပ်က နောက်မှဖြစ်လို့ အကျိုး။

ဒါ့ကြောင့် သစ်ပင်က အကြောင်း၊ အရိပ်က အကျိုး ဖြစ်သကဲ့သို့၊ ထို့အတူ အဝိဇ္ဇာနှင့် သင်္ခါရဟာ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုး၊ အဝိဇ္ဇာဟူသောအကြောင်း မရှိခဲ့သော် သင်္ခါရဟူသော အကျိုး မရှိနိုင်၊ သစ်ပင်မရှိလျှင် အရိပ်မရှိ၊ သစ်ပင်ရှိလျှင် အရိပ်ရှိ၏။

ဒါ့ကြောင့် ဘုရားရှင်က "အဝိဇ္ဇာသမုဒယာ သင်္ခါရ-သမုဒယော၊ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောလို့ ဟော တော်မူတယ်။

အနက်ကတော့။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ ဖြစ် သည်ရှိသော်။ သင်္ခါရသမုဒယော၊ သင်္ခါရဖြစ်၏။ အဝိဇ္ဇာ နိရောဓာ၊ အဝိဇ္ဇာ ချုပ်သည်ရှိသော်၊ သင်္ခါရနိရောဓော၊ သင်္ခါရချုပ်၏တဲ့။ သင်္ခါရချုပ်တယ် ဆိုတာက တိမ်တိမ် ကလေးမတွေးနဲ့၊ နက်နက်ပဲ တွေးပါ၊ ဘဝတစ်ခု ချုပ်ပြီး၊ ပြုတ်ပြီး၊ ပြတ်ပြီး၊ ရပ်ပြီဆိုတာမှတ်ပါ။

ဘာကြောင့်တုန်း ဆိုတော့ အဝိဇ္ဇာမဖြစ်လို့ဘဲမှတ်ပါ။ အဝိဇ္ဇာဖြစ်လျှင်တော့ သင်္ခါရဖြစ်၏ဟု ဆိုအပ်သော ဘဝ ခန္ဓာကိုယ်ကို မုချမလွဲ အမြဲရတော့မှာဘဲ။ အဘယ့်ကြောင့် ဆိုသော်....

အဝိဇ္ဇူပလဒ္ဓိယာ ခန္ဓော ဥပလဗ္ဘတိ ဟု မိန့်တော်မူ သောကြောင့်တည်း။

အဝိဇ္ဇူပ လဒ္ဓိယာ၊ အဝိဇ္ဇာကို ရသည်ရှိသော်။ ခန္ဓော၊ ခန္ဓာကိုယ်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏ တဲ့။

အဲဒါကြောင့် ဝိဇ္ဇာဖြစ်အောင် သူ့ဒွါရနှင့် သူ့အာရုံကြုံတိုင်းကြုံတိုင်း မြင်တာ, ကြားတာ, နံတာ, စားတာ, ထိတာ, သိတာကို၊ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်း မြင်ကာမတ္တကလေး မြင်တယ် မြင်တယ်လို့ အသိအမှတ်ပြုပါ။ ကြားကာမတ္တလေး ကြားတယ်၊ ကြားတယ်လို့ အသိအမှတ်ပြုပါ။ နံကာမတ္တကလေး နံတယ် နံတယ်လို့ အသိ အမှတ်ပြုပါ၊ စားကာ မတ္တကလေး စားတယ် စားတယ်လို့ အသိအမှတ်ပြုပါ၊ ထိကာမတ္တကလေး ထိတယ် ထိတယ်လို့ အသိအမှတ်ပြုပါ။ သိကာမတ္တကလေး သိတယ် သိတယ်လို့ အသိအမှတ်ပြုရမယ်တဲ့ အဲဒါကြောင့်-

ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ၊ သုတေ သုတ မတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ-စသော ဒေသနာတော်နှင့်အညီ ပွားများအားထုတ်ကြပါလော့။

သည်မှတစ်ပါး မိမိပြုလုပ်နေသမျှ ရှုမှတ်ပုံများမှာ စားတာ၊သောက်တာ၊ ခဲတာ၊လျက်တာ၊အိပ်တာ၊နိုးတာ၊စကားပြောတာ၊ဆိတ်ဆိတ်နေတာ၊ ရှူတာ၊ ရှိုက်တာ၊ ထွက်လေထွက်တာ၊ ဝင်လေ ဝင်တာ၊ ပိန်တာ ဖောင်းတာ၊ ပူတာ အေးတာ၊ ပျော့တာ၊ မာတာ၊ နာတာ၊ ကြမ်းတာ၊ ချမ်းသာတာ၊ ဆင်းရဲတာ၊ လောဘဖြစ်တာ၊ ဒေါသဖြစ်တာ၊ မောဟဖြစ်တာ၊ မာနဖြစ်တာ၊ ဣဿာဖြစ်တာ၊ မစ္ဆရိယဖြစ်တာ၊ ကောဓဖြစ်တာ၊ ဥပနာဟဖြစ်တာ၊ မက္ခဖြစ်တာ၊ ပလာသဖြစ်တာ၊ မာယာဖြစ်တာ၊သာဌေယျဖြစ်တာ၊ ထမ္ဘဖြစ်တာ၊သာရမ္ဘဖြစ်တာ၊ သောကဖြစ်တာ၊ပရိဒေဝဖြစ်တာ၊ ဒုက္ခဖြစ်တာ၊ ဒေါမနဿဖြစ်တာ၊ သည်မှတစ်ပါး များစွာ

ဟူဟူသရွေ့တို့ကို အသိအမှတ် ပြုနိုင်သမျှ ဝိဇ္ဇာချည်း ဖြစ်တယ်။

ဝိဇ္ဇာဖြစ်လျှင် အဝိဇ္ဇာချုပ်တယ်၊ အဝိဇ္ဇာချုပ်လျှင် ဘဝ မရတော့ဘူး၊ ဘဝပြတ်ပြီ ပြတ်ပြီလို့မှတ်။

ဘာ့ကြောင့်တုန်းလို့ဆိုတော့ အဝိဇ္ဇာနိရောဓာ နေမ၊
သင်္ခါရ နိရောဓော န အညထာ တဲ့။

အဝိပ္ပာယ်ကတော့

တစ်ပါးသော အကြောင်းကြောင့် သင်္ခါရ မချုပ်နိုင်၊ အဝိဇ္ဇာချုပ်မှသာလျှင် သင်္ခါရချုပ်၏ဟုမှတ်။ အဘယ့်ကြောင့်နည်း၊ အဝိဇ္ဇူပလဒ္ဓိယာ ခန္ဓာ ဥပလဗ္ဘတိဟု မိန့်ဆိုသောကြောင့်တဲ့။ အလုံးစုံသော အကုသိုလ် ဟူသရွေ့တို့သည် အဝိဇ္ဇာရှေ့ဆောင်ရှေ့သွား ပြုဋ္ဌာန်းသော တရားတို့ ပေတည်း။

ထို့ကြောင့်—

အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ အကုသလာနံ
ဓမ္မာနံ သမာပတ္တိယာဟု ဟောတော်မူ၏။

အနက်ကတော့။ ဘိက္ခဝေ၊ ရဟန်းတို့။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့သို့။ သမာပတ္တိယာ၊ ရောက်ခြင်းငှာ။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပုဗ္ဗင်္ဂမာ၊ ရှေ့သွားတည်း။

အလုံးစုံသောကိလေသာတို့၏အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကိုဖြတ်သည်ရှိသော် ကိလေသာဟူဟူသရွေ့ဘယ်ကိလေသာမှမရှိတော့ဘူး၊ အဘယ့်ကြောင့်ဆိုသော်—

ကိလေသာနံ မူလဘူတာယ အဝိဇ္ဇာယ ဆိန္နာယ သဗ္ဗကိလေသာ သမုဂ္ဃါတ ဂစ္ဆန္တိ ဟု မိန့်တော်မူသော ကြောင့်တည်း။

**အနက်ကတော့**။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ကိလေသာနံ၊ ကိလေသာတို့၏။ မူလဘူတာယ၊ အမြစ်အရင်းဖြစ်၍ ဖြစ်သော။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ဆိန္နာယ၊ ဖြတ်သည်ရှိသော်။ သဗ္ဗာကိလေသာ၊ အလုံးစုံသော ကိလေသာ တို့သည်။ သမုဂ္ဃါတံ၊ ကောင်းစွာပယ်ခွာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

အဲဒီတော့- အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကို ဘာနဲ့ ဖြတ်ပါမတုန်း၊ အသိအမှတ်နဲ့ဖြတ်ရမယ်၊ အသိအမှတ်ဟာ ဝိဇ္ဇာပါဘဲ၊ ဝိဇ္ဇာဖြစ်လို့ရှိလျှင် အဝိဇ္ဇာမဖြစ်နိုင်ပါ။

ထို့ကြောင့်—

ဝိဇ္ဇုပ္ပါဒါအဝိဇ္ဇာယ ပဟာနံ ဝေဒိတဗ္ဗံ တဲ့။

**အနက်ကတော့**။ ။ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဖြစ်သည်ရှိသော်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပဟာနံ၊ ပယ်အပ်ပြီးသည်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏တဲ့။ ဝိဇ္ဇာဖြစ်လို့ရှိလျှင် အဝိဇ္ဇာပယ်ပြီး သားဆိုတာသိပါ။ အဝိဇ္ဇာပယ်ပြီးလို့ရှိလျှင် ကိလေသာဟူဟူ သရွေ့ ဘယ်ကိလေသာမှ မဖြစ်နိုင်ပါ၊ ကိလေသာမရှိလို့ ကိလေသာမှဖြစ်လျှင် ဘဝပဋိသန္ဓေအကျိုးကို မပေးနိုင် တော့ပါ၊ အဘယ့်ကြောင့်ဆိုသော်-

ကိလေသာဘာဝေ ကမ္မံအပ္ပဋိသန္ဓိကံ ဟောတိ-ဟု မိန့်ဆို သောကြောင့်တည်း။

အနက်ကတော့။ ။ကိလေသာ ဘာဝေ ကမ္မံ၊ ကိလေသာ မပါ၊ မရှိသော ကံသည်။ အပ္ပဋိသန္ဓိကံ။ ဘဝပဋိသန္ဓေ အကျိုးကိုမပေးသည်။ ဟောတိ၊ ဖြစ်၏တဲ့။

အထူးသိဖို့ရာကတော့

ကိလေသာ မပါမရှိသော ကံဆိုတာဟာ ကုသိုလ်ကံကို ဆိုတယ်၊ ကုသိုလ်ကံဆိုတာ ဘဝသစ်ကို မဖြစ်စေတတ်ဘူး။ ဘဝကိုချုပ်ငြိမ်းစေတတ်တယ်။ ကိလေသာ မပါမရှိပေ။ အကုသိုလ်ကံသည်သာလျှင် ဘဝသစ်ကို ဖြစ်စေတတ်၏။ ဒါပေမယ့် အကုသိုလ်ဟူသမျှလဲဘဲ အကုန်လုံး ဘဝကိုဖြစ်စေတတ်သည်မဟုတ်ပေ၊ တဏှာသည်သာလျှင် ဘဝသစ်ကို ဖြစ်စေတတ်၏တဲ့။

ကို့ကြောင့်-

အကုသလာဓမ္မာတိ ဒွါဒသ စိတ္တုပ္ပါဒါ ဓမ္မာ။
တဏှာယေဝ ဝါ ဝိသေသေန ဟိ ပုနဘဝ ကရဏာ တော ပေါနောဗ္ဘဝိကာတိ ဝုတ္တံ တဲ့။

အနက်ကတော့။ ။အကုသလာဓမ္မာတိ၊ အကုသလာဓမ္မာဟူသည်ကား။ ဒွါဒသ စိတ္တုပ္ပါဒဓမ္မာ၊ တစ်ဆယ့်နှစ်ပါးသော စိတ္တုပ္ပါဒ်တရားတို့တည်း။ ဝါ၊ တစ်နည်းကား၊ တဏှာယေဝ၊ တဏှာသည်သာလျှင်။ ဝိသေသေန၊ အထူးသဖြင့်။ အကုသလာဓမ္မာ၊ အကုသိုလ်တရား မည်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ သာ၊ တဏှာ၊ ထိုတဏှာသည်။ ပုနဘဝကရဏတော၊ တစ်ဖန်ဘဝသစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့်။ ပေါနောဗ္ဘဝိကာတိ၊ ပေါနောဗ္ဘဝိကာဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏ တဲ့။

တဏှာသည်သာလျှင် အကုသိုလ်အစစ်အမှန်ဖြစ်၍ ဘဝသစ်ကို ဖြစ်စေတတ်တယ်။ လိုရင်း တိုတို ကျဉ်းကျဉ်း အဓိပ္ပာယ်ကတော့ တပ်မက်နှစ်သက်လို ဇစေ့ဆော်အားထုတ်တတ်တဲ့ စေတနာကို ကံလို့ခေါ်တယ်။

ဒါ့ကြောင့်–

စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ၊ စေတယိတွာ ကမ္မံကရောတိ၊ ကာယေန ဝါစာယ မနသာ-လို့ ဟောတော်မူတယ်။

ဒါ့ကြောင့်–

ဧသာ စေတနာ ကေပဋိသန္ဓိံ ဒေထိ တဲ့။

အဓိပ္ပာယ်ကတော့

ဒီလို ဘဝပဋိသန္ဓေအကျိုးမပေးနိုင်အောင်ဟာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ ပြုတိုင်းပြုတိုင်း အသိအမှတ်ပြုတာ၊ စေတနာပါပါနှင့် တစ်ကြိမ်မှတ်လျှင် ဘဝကာစ်ခု ပြုတ်တယ်လို့မှတ်။ နောက်က ပြောခဲ့တဲ့ ကိလေသာ မပါ မရှိသော ကံဆိုတာဟာ ဘာဝနာ ကုသိုလ်ကံကိုသာဆိုသည် မဟုတ်သေးဘူး၊ ဒါနကုသိုလ်၊ သီလကုသိုလ် စသည်တို့ကို သံသရာရှည်သည်ဟု အယူအဆလွဲကြဖို့ရာ သတိထားရန် အချက်ကတော့ ဒါနကုသိုလ်၊သီလကုသိုလ်တို့သည် သံသရာ မရှည်ကြောင်းကို အမြွက်မျှ ထုတ်ပြဦးမယ်။

ဘုရားရှင်ဟောတော်မူပုံ

ဟီဏိမာနိဘိက္ခဝေ၊ အကုသလမူလာနိ၊ ကတမာနိ ဘီဏိ၊ လောဘော အကုသလမူလံ၊ ဒေါသော

အကုသလမူလံ၊ မောဟော အကုသလမူလံ၊ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ၊ အကုသလမူလာနိ တဲ့။

## ဒါနကုသိုလ် မူလတရား ၃-ပါး

တီဏိမာနိ ဘိက္ခဝေ ကုသလမူလာနိ၊ ကတမာနိ တီဏိ၊ အလောဘော ကုသလမူလံ၊ အဒေါသော ကုသလမူလံ၊ အမောဟော ကုသလမူလံ၊ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ၊ ကုသလမူလာနိ တဲ့။ ဒါက ကုသိုလ်မူလတရားသုံးပါးတဲ့မှတ်၊

## အဓိပ္ပာယ်

၁။ လောဘ၊ ဒေါသ၊ မောဟ ဤ သုံးပါးသည် အကုသိုလ်မူလ တရားသုံးပါးဟုမှတ်။

။ အလောဘ၊ အဒေါသ၊ အမောဟ ဤသုံးပါးသည် ကုသိုလ်မူလတရားသုံးပါးဟု မှတ်။

၁။ အကုသိုလ်မူလတရားသုံးပါးသည် ကံကို ဖြစ်စေတတ်၏၊ ကံကို မချုပ်စေတတ်ဘူး။

၂။ ကုသိုလ်မူလတရားသုံးပါးသည်၊ ကံကို ချုပ်စေတတ်၏၊ ကံကို မဖြစ်စေတတ် ပုံကို ဟောတော်မူ၏။

ထို့ကြောင့်--

ယံ ဘိက္ခဝေ လောဘ ပကတံ ကမ္မံ လောဘဇံ လောဘနိဒါနံ လောဘသမုဒယံ၊ တံ ကမ္မံ အကုသလံ တံ ကမ္မံ သာဝဇ္ဇံ၊ တံ ကမ္မံ ဒုက္ခဝိပါကံ၊ တံ ကမ္မံ

ကမ္မ သမုဒယာယ သံဝတ္တတိ၊ နှ တံ ကမ္မံ ကမ္မ နိရောဓာယ သံဝတ္တတိ။

(ဒေါ်သ, မောဟ, နည်းတူမှတ်လေ)

အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ လောဘ ပကတံ၊ လောဘသည် ပြုအပ်သော။ လောဘဇံ၊ လောဘကြောင့် ဖြစ်သော။ လောဘနိဒါနံ၊ လောဘလျှင် အကြောင်းရင်းရှိသော။ လောဘသမုဒယံ၊လောဘလျှင်ဖြစ်ကြောင်းရှိသော။ ယံကမ္မံ၊ အကြင်ဇာဝွဆင်းရဲသို့ ရောက်စေတတ်သောကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထိုဝဋ္ဋဆင်းရဲသို့ ရောက်စေတတ်သော ကံသည်။ ဒုက္ခဝိပါကံ၊ မကောင်းသော အကျိုးကို ပေး၏။ တံ ကမ္မံ၊ ထိုဝဋ္ဋဆင်းရဲသို့ ရောက်စေတတ်သော ကံသည်။ ကမ္မသမုဒယာယ၊ကံဖြစ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏၊တံ ကမ္မံ၊ ထိုကံသည်။ ကမ္မနိရောဓာယ၊ ကံချုပ်ခြင်းငှာ။ နသံဝတ္တတိ၊ မဖြစ်။

(ဒေါ်သ, မောဟ, ကိုကို နည်းတူအနက်ပေးလေ)

ဤကား, ကံကိုသာ ဖြစ်စေတတ်၍၊ ကံကို ချုပ်စေတတ်ပုံတည်း။

ကံကို ချုပ်စေတတ်ပုံ သာဓက

ယံ ဘိက္ခဝေ အလောဘ ပကတံ ကမ္မံ အလောဘဇံ အလောဘ နိဒါနံ အလောဘ သမုဒယံ တံ ကမ္မံ ကုသလံ တံ ကမ္မံ အနဝဇ္ဇံ တံ ကမ္မံ သုခဝိပါကံ တံ ကမ္မံ ကမ္မ နိရောဓာယ သံဝတ္တတိ၊ နတံ ကမ္မံ ကမ္မ သမုဒယာယ သံဝတ္တတိ၊ လို့ ဟောတော်မူတယ်။

အနုက်ကတော့။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အလောဘ ပတတ်၊ အလောဘသည် ပြုအပ်သော။ အလောဘဇ၊ အလောဘကြောင့်ဖြစ်သော။ အလောဘ နိဒါန်၊ အလော-ဘလျှင် အကြောင်းရင်းရှိသော။ ယံ ကံမ္မံ၊ အကြင် ဝဋ္ဋ ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံသည်။ အတ္ထိ၊ ရှိ၏။ တံကမ္မံ၊ ထိုဝဋ္ဋဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံသည်။ ကုသလံ၊ ကုသိုလ်ကံမည်၏။ တံကမ္မံ၊ ထိုကံသည်။ အနဝဇ္ဇံ၊ အပြစ်မရှိ။ တံကမ္မံ၊ ထိုကံသည်။ သုခဝိပါကံ၊ ကောင်းသောအကျိုးကို ပေး၏။ တံကမ္မံ၊ ထိုကံသည်။ ကမ္မနိရောဓာယ၊ ကံ ချုပ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ တံကမ္မံ၊ ထိုကံသည်။ ကမ္မသမုဒယာယ၊ ကံဖြစ်ခြင်းငှာ။ န သံဝတ္တတိ၊ မဖြစ်။ ဟု ဟောတော်မူတယ်။

တစ်နည်းအားဖြင့်ကုသိုလ်ကံသည်၊ ကံကို မဖြစ်စေတတ်၊ ကံချုပ်စေတတ်ကြောင်းကို ဘုရားရှင်က တစ်နည်းထပ်ဆင့်၍ ဟောတော်မူပုံ။

**သာဓက**

အလောဘော ဒါနဟေတု၊ အဒေါသော သီလဟေတု၊ အမောဟော ဘာဝနာဟေတု၊ မိန့်ဆိုတော်မူသောကြောင့်-

ဒါန, သီလ, ဘာဝနာ သုံးပါးတို့ဟာ၊ ဒါန, သီလ, ဘာဝနာ ကုသိုလ်တို့သည် သံသရာ မရှည်သည့်အပြင် သံသရာတိုကြောင်း သံသရာပြတ်ကြောင်းကို ပြောပြအုံးမယ်။

မဂ်တရား ဖိုလ်တရားဆိုတာ၊ သူ့ငါးပါးကို မမှီပဲ မရနိုင်ဘူးတဲ့၊ ဘယ်သူ့ကို မှီရတုန်းဆိုလျှင် ဒါနကို မှီရတယ်၊ သီလကိုမှီရတယ်၊ ဘာဝနာကို မှီရတယ်၊ ဒီသုံးပါးကို မှီမှသာလျှင် ရနိုင်၏။ ထိုမှီခြင်း အကြောင်းတရား သုံးပါးတို့တွင် ဒါန၊ သီလကို မှီတဲ့ ကုသိုလ်က (ဒုဗ္ဗလ) ဖြစ်၍၊ အားနည်းသောကြောင့်၊ အောက်မဂ်သုံးပါး အောက်ဖိုလ် သုံးပါးကို ရနိုင်-ရောက်နိုင်၏။ ဘာဝနာကတော့ (ဗလဝ) ဖြစ်၍ အားကြီးသောကြောင့် အထက်မဂ်၊ အထက်ဖိုလ်ကို ရနိုင် ရောက်နိုင်၏-တဲ့။

ထို့ကြောင့်-

တယော မေ ဥပနိဿယာ၊ ဒါနူပနိဿယော၊ သီလူပနိဿယော ဘာဝနူပနိဿယောစာတိ၊ တေသု ဒါန သီလူပ နိဿယာ၊ ဒုဗ္ဗလာ၊ ဘာဝနူပ နိဿယော ဗလဝါ၊ ဒါန၊ သီလူပနိဿယာဟိ တယော မဂ္ဂေစ ဖလာနိစ ပါပေန္တိ၊ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ၊ ဟု ဟောတော်မူတယ်။

လိုရင်း တိုတိုကျဉ်းကျဉ်း အဓိပ္ပါယ်ကတော့ ဒါနနဲ့ သီလဟာ အားနည်းသောကြောင့် သောတာပန် အဖြစ်ကို ရောက်နိုင်တယ်၊ သကဒါဂါမ် အဖြစ်ကိုလဲ ရောက်နိုင်တယ်၊ အနာဂါမ် အဖြစ်ကိုလဲ ရောက်နိုင်တယ်။ ဘာဝနာကတော့ အားကြီးတာမို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဟု ဆိုအပ်သော ရဟန္တာအဖြစ်ကို ရနိုင်ရောက်နိုင်၏လို့ ဟောတော်မူတယ်။

## မိမိသဏ္ဌာန်၌ ကိလေသာ ဖြစ်ပုံ–မဖြစ်ပုံကို ဤလက်ဖြင့်သိပါ။

### ၁။ မျက်စိ၌ ကိလေသာဖြစ်ပုံ

(က) မြင်ချင်တာကို မြင်ရတာ၊ လောဘဖြစ်သည်သာ။
(ခ) မမြင်ချင်တာကို မြင်ရတာ၊ ဒေါသဖြစ်သည်သာ။
(ဂ) မြင်ချင်တာကို မသိတာ၊ မောဟဖြစ်သည်သာ။
(ဃ) မမြင်ချင်တာ မသိတာ၊ မောဟဖြစ်သည်သာ။

### မျက်စိမှာ ကိလေသာပယ်ပုံ

(င) မြင်ချင်တာကို သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။
(စ) မမြင်ချင်တာကို သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

### ၂။ နား၌ ကိလေသာဖြစ်ပုံ

(က) ကြားချင်တာကို ကြားရတာ၊ လောဘဖြစ်သည်သာ။
(ခ) မကြားချင်တာ ကြားရတာ၊ ဒေါသဖြစ်သည်သာ။
(ဂ) ကြားချင်တာကို မသိတာ၊ မောဟဖြစ်သည်သာ။
(ဃ) မကြားချင်တာ မသိတာ၊ မောဟဖြစ်သည်သာ။

### နားမှာ ကိလေသာပယ်ပုံ

(င) ကြားချင်တာကို သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။
(စ) မကြားချင်တာ သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

### ၃။ နှာခေါင်း၌ ကိလေသာဖြစ်ပုံ

(က) နံချင်တာကို နံရတာ၊ လောဘဖြစ်သည်သာ။
(ခ) မနံချင်တာ နံရတာ၊ ဒေါသဖြစ်သည်သာ။

(ဂ) နံချင်တာကို မသိတာ၊ မောဟဖြစ်သည်သာ။

(ဃ) မနံချင်တာ မသိတာ၊ မောဟဖြစ်သည်သာ။

## နှာခေါင်းမှာ ကိလေသာပယ်ပုံ

(င) နံချင်တာကို သိသောအခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

(စ) မနံချင်တာ သိသောအခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

## ၄။ လျှာ၌ ကိလေသာဖြစ်ပုံ

(က) စားချင်တာကို စားရတာ၊ လောဘဖြစ်သည်သာ။

(ခ) မစားချင်တာ စားရတာ၊ ဒေါသဖြစ်သည်သာ။

(ဂ) စားချင်တာကို မသိတာ၊ မောဟဖြစ်သည်သာ။

(ဃ) မစားချင်တာ မသိတာ၊ မောဟဖြစ်သည်သာ။

## လျှာမှာ ကိလေသာပယ်ပုံ

(င) စားချင်တာကို သိသောအခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

(စ) မစားချင်တာ သိသောအခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

## ၅။ ကိုယ်၌ ကိလေသာဖြစ်ပုံ

(က) ထိချင်တာကို ထိရတာ၊ လောဘဖြစ်သည်သာ။

(ခ) မထိချင်တာ ထိရတာ၊ ဒေါသဖြစ်သည်သာ။

(ဂ) ထိချင်တာကို မသိတာ၊ မောဟဖြစ်သည်သာ။

(ဃ) မထိချင်တာ မသိတာ၊ မောဟဖြစ်သည်သာ။

## ကိုယ်မှာကိလေသာပယ်ပုံ

(င) ထိချင်တာကို သိသောအခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

(စ) မထိချင်တာ သိသောအခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

## ၆။ စိတ်၌ ကိလေသာဖြစ်ပုံ

(က) သိချင်တာကို သိရတာ၊ လောဘဖြစ်သည်သာ။
(ခ) မသိချင်တာ သိရတာ၊ ဒေါသဖြစ်သည်သာ။
(ဂ) သိချင်တာကို မသိတာ၊ မောဟဖြစ်သည်သာ။
(ဃ) မသိချင်တာ မသိတာ၊ မောဟဖြစ်သည်သာ။

## စိတ်မှာ ကိလေသာပယ်ပုံ

(င) သိချင်တာကို သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။
(စ) မသိချင်တာ သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

**သတိ။** ။သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျှောင်းရင်း၊ စသော အရာရာ ပြုတာဟူသရွေ့ ဤနည်းမှတ်လေ။ ကိုယ်ဖြင့်ပြုတဲ့ အမှု၊ နှုတ်ဖြင့်ပြုတဲ့အမှု၊ ပြုသင့် ပြုထိုက်တဲ့ကိစ္စ ဟူသရွေ့ အမှုကိစ္စချည်းဘဲ မှတ်လေ၊ ဒါ့ကြောင့် ရှေး သူတော်ကောင်းများ မှာကြား၍ ထားခဲ့သော စကား အစဉ်ဟာ ယခုတိုင်ရှိသေး၏။ "မှာကြားပုံမှာ" မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် အမှုမဲ့အမှတ်မဲ့ မနေကြနဲ့ လို့ ဆုံးမခဲ့တယ်။ အမှုကတော့ မမဲ့ပါဘူး။ ပြုပြုသမျှတွေ ဟာ အမှုချည်းဘဲ၊ အမှတ်ကတော့ လုံးဝ မပါကြဘူး။ သင်တို့ထုတွေ အသိအမှတ် ပြုနိုင်သမျှ သံသရာပြတ်ကြောင်း ဝိဇ္ဇာချည်းဘဲ။ အသိအမှတ် မပြုသမျှ သံသရာလည်ကြောင်း အဝိဇ္ဇာချည်းဘဲမှတ်ကြ။ ထို့ကြောင့်—

မသိအဝိဇ္ဇာ၊ သိဝိဇ္ဇာ၊ နှစ်ဖြာခွဲလေမှတ်။
မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ ပဋိစ္စသမုပ္ပါဒ်။
ဟု ပညာရှင်တို့ စပ်ဆိုတော်မူကြ၏။

## သမထနှင့် ဝိပဿနာ

ကာယာနုပဿနာ ဝေဿနာ ပဋိလဒ္ဓသမထော သမ္ပဇညေန ဝိပဿနာ။

## အဓိပ္ပာယ်

ကာယာနုပဿနာ သည်ဖြင့် အားထုတ်လို့ ရအပ်တဲ့ တရားသည် "သမထ" ဟု မှတ်လေ။

သမ္ပဇညပဗ္ဗ စသည်ဖြင့် အားထုတ်လို့ ရအပ်တဲ့တရားသည် "ဝိပဿနာ" ဟု မှတ်လေ။

**တစ်နည်း။** ၁။ ကိလေသာ ငြိမ်းအေးစေ တတ်တာ သမထတဲ့။

၂။ အထူးထူး အပြားပြားအားဖြင့် ရှု မှတ် ပွားများနေတာ ဝိပဿနာတဲ့။

## ပရမတ်နှင့် ပညတ်

၁။ ငါဆိုတာ၊ သူဆိုတာ၊ ယောကျ်ားဆိုတာ၊ မိန်းမဆိုတာ၊ ဟူသမျှ ပညတ်ချည်းတဲ့။

၂။ မြင်တာ၊ ကြားတာ၊ နံ့တာ၊ စားတာ၊ ထိတာ၊ သိတာ၊ ဟူသမျှ ပရမတ်ချည်းတဲ့။

**ဆောင်ပုဒ်။** ။ငါ မဟုတ်ပါ၊ နာမ်ရုပ်သာ၊ သိတာ ပရမတ်။

## နာမရူပ ပရိစ္ဆေဒဉာဏ်ခေါ်ပုံ

ဤသည်ကား နာမ်၊ ဤသည်ကား ရုပ်လို့ နာမ်ရုပ်ကို ပိုင်းခြား မှတ်သားနိုင်သော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒ ဉာဏ်လို့ ခေါ်တယ်။

နာမ်ရုပ်ကို ပိုင်းခြား မှတ်သားနိုင်သည့်ပြင် နာမ်ရုပ်များကို ထင်မြင်အောင် ပွားများနိုင်လို့ရှိလျှင် ပုထုဇဉ်ပင်ဖြစ်လင့်ကစား အာသဝေါတရား လေးပါး တဒင်္ဂပဟာန်ဖြင့် ကင်းနေတယ်၊ ရဟန္တာများကဲ့သို့ ကောင်းစွာကျွတ်လွတ်သဖြင့် ချမ်းသာစွာနေရပုံ သာဓကကတော့ -

နေတံမမ နေသောဟ မသို့ နမေသော အတ္တာတိ
ပဿတော စိတ္တံ သုဝိမုစ္စတိ အနုပါဒါ အာသဝေဟိ-တဲ့။

အနက်ကတော့။ ။ဧတံ၊ ဤနာမ်ရုပ်တရား နှစ်ပါးသည်။ နမမ၊ ငါမဟုတ်၊ နာမ်ရုပ်သာဟုတ်၏။ ဧသော၊ ဤနာမ်ရုပ်တရား နှစ်ပါးသည်။ မေ၊ ငါ၏။ န အတ္တာ၊ ကိုယ်မဟုတ်၊ နာမ်ရုပ်သာဟုတ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုမြင်တတ်သော ယောဂီပုဂ္ဂိုလ်အား။ အနုပါဒါ၊ တဏှာ မာန ဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်း ဥပါဒါန် မရှိသည်ဖြစ်၍။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ စိတ္တံ၊ စိတ်သည်။ သုဝိမုစ္စတိ၊ ကောင်းစွာလွတ်၏။

## အဓိပ္ပာယ်

နာမ်ရုပ်ကို တိတိကျကျ အမှန်တကယ်ထင်လျှင် ပုထုဇဉ်ပင် ဖြစ်သော်လည်း အာသဝေါတရား လေးပါး ကုန်ခန်းသော ရဟန္တာ ပုဂ္ဂိုလ်များကဲ့သို့ ချမ်းသာစွာနေရ၏။ သို့သော် ပုထုဇဉ် ဖြစ်လို့ရှိလျှင် တဒင်္ဂပဟာန်သာ ရကောင်း၏လို့မှတ်။

## နာမ်-ရုပ်ထင်ပုံ ဉာဏ်သုံးမျိုး

နာမ်ရုပ်ထင်ပုံ၊ဉာဏ်သုံးမျိုးတို့တွင်-

(၁) သုတမယဉာဏ်၊

(၂) စိန္တာမယဉာဏ်၊

(၃) ဘာဝနာမယဉာဏ် လို့ သုံးမျိုးမှတ်။

ထိုဉာဏ်သုံးမျိုးတို့တွင် နာမ်ရုပ်ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် ထင်ပုံမဟုတ်၊ ဘာဝနာမယဉာဏ်ဖြင့် ထင်မှသာလျှင် နာမ်ရုပ်ကို အဟုတ်အမှန်ထင်သည် မည်၏။

## နာမ်ရုပ်ကိုထင်မြင်လွယ်အောင်မှတ်ပုံ

သွားချင်တာကနာမ်၊ သွားတာကရုပ်၊ နာမ်သွားချင်လို့သာ ရုပ်ကသွားရတယ်၊ နာမ်က မသွားချင်လို့ရှိလျှင် ရုပ်က လုံးဝမသွားဟုမှတ်။

## အကျဉ်းချုပ်လင်္ကာ

(၁) သွားချင်တာကနာမ်၊ သွားရတာကရုပ်၊ ပုဂ္ဂိုလ်သတ္တဝါ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ ဇီဝလိပ်ပြာ၊ အတ္တမဟုတ်၊ နာမ်ရုပ်သာသွားသည်၊ နာမ်ရုပ်သာသွားသည်။

(၂) ရပ်ချင်တာကနာမ်၊ ရပ်ရတာကရုပ်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ၊ ဇီဝလိပ်ပြာ၊ အတ္တမဟုတ် နာမ်ရုပ်သာရပ်သည်။ နာမ်ရုပ်သာရပ်သည်။

(၃) ထိုင်ချင်တာက နာမ်၊ ထိုင်ရတာက ရုပ်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝ လိပ်ပြာ၊ အတ္တမဟုတ် နာမ်ရုပ်သာ ထိုင်သည်၊ နာမ် ရုပ်သာ ထိုင်သည်။

(၄) အိပ်ချင်တာက နာမ်၊ အိပ်ရတာက ရုပ်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝ လိပ်ပြာ အတ္တမဟုတ် နာမ်ရုပ်သာ အိပ်သည်၊ နာမ်ရုပ်သာ အိပ်သည်။

**သတိ။** ။သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း စသော ဣရိယာပုထ် လေးပါးသာ ပြလိုက်သည်၊ ၎င်းမှ ကြွင်းကျန်သော လုပ်ငန်းစဉ် အရပ်ရပ်တို့၌ ဤနည်းအတိုင်းသာ ထင်မြင်လွယ်အောင် တပည့်များ သက်ပေးမယ်။

ဈေးရောင်းဈေးဝယ်၊ အသွယ်သွယ်နှင့်၊ လယ်လုပ် ယာ ခုတ်၊ ရေသွင်း၊ ပေါင်းသင်၊ လယ်ထွန်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်၊ မြက်ရိတ်၊ မြက်စင်း၊ ဝါကောက်၊ ဝါကြိတ်၊ ဝါဖန်၊ ဗိုင်ငင်၊ ချည်စာနင်း၊ ချည်ချ၊ ဆေးထိုးပန်းရိုက်၊ ရက်ကန်းရှယ်၊ ရက်ကန်းယက်၊ ကမင်းချုပ်၊ မောင်း ထောင်း၊ ဟင်းရွက်ခူး၊ ဟင်းရွက်သင်၊ ထင်းခွေ၊ ရေခပ် အရပ်ရပ်သော ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို ဆောင်ရွက် လုပ်ကိုင်ရာတွင် မည်သည့် ကိစ္စမဆို သတိမလစ်ရန် မြဲမြဲစွဲစွဲ မဲမဲသဲသဲ အထူးသဖြင့် ဝီရိယစိုက်၍ မှတ်ကြတပည့်တို့။

နာမ်ရုပ်ကို ဟုတ်မှန်သောအတိုင်း ထင်မြင်လို့ ရှိလျှင် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတွေ မကပ်တော့ဘူး။ ထို့ကြောင့်– နာမရူပါနံ ယထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ-တဲ့။

## အဝိပ္ပာယ်

နာမ်ရုပ်ကို ပိုင်းခြားမှတ်သားပြီး ဆိုလေ ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ မငြိမတွယ် ပယ်စွန့်၍ ဉာဏ်အမြင်စင်ကြယ်၏။

## နာမ်ရုပ်ကို အဟုတ် အမှန် ထင်ပုံ

အကြင် သူသည် နာမ်ရုပ်ကို မြင်၏၊ ထိုသူသည် ယောကျ်ားမိန်းမကိုမမြင်၊မမြင်ပုံဥပမာ-သစ်သားရုပ်လို မှတ်၊ ၎င်းသစ်သားရုပ်သည် သဏ္ဌာန် မပျောက်ဘဲ ယောကျ်ား မိန်းမ အစစ်အမှန် မဟုတ်ဟု မိမိ ဘာဝနာမယဉာဏ်ဖြင့် ထင်မြင်ပါလိမ့်မယ်။ ဉာဏ်အမြင် စင်ကြယ်ခဲ့သော် ပုထုဇဉ် ပင် ဖြစ်သော်သည်း အလွန် အကျိုးများသည့်ပြင် ဆင်းရဲ ဒုက္ခ ချုပ်ငြိမ်းပြီး၍ ချမ်းသာစွာ နေထိုင်ရ၏၊ ဆင်းရဲ ဟယ်ဆိုတာဟာ သက္ကာယ အားကြီးလေလေ ဆင်းရဲဒုက္ခ များလေလေဘဲ။

ထို့ကြောင့်--

သက္ကာယ သမုဒယာ ဒုက္ခသမုဒယော၊ သက္ကာယ နိရောဓာ ဒုက္ခနိရောဓော ဟု ဟောတော်မူတယ်။

**အထူးသဖြင့် အကျိုးများသော ဝိပဿနာဉာဏ် သုံးပါး**

(၁) ယာထာဘူတဉာဏ်။ (၂) သမ္မာဒဿနဉာဏ်။ (၃) ကင်္ခါဝိတရဏဉာဏ်ရယ်လို့ သုံးမျိုးသုံးပါးအပြားရှိ၏။

## ထိုသုံးပါးတို့တွင်

(၁) ယာထာဘူတဉာဏ် ဆိုတာ ပရမတ္ထအားဖြင့် သုံးဆယ့်တစ်ဘုံမှာ နာမ်ရုပ်သာရှိ၏။ နာမ်ရုပ်မှ

တစ်ပါး အခြားဘာမျှမရှိဟု သိမြင်သော ဉာဏ်ကို ခေါ်တယ်။

(၂) သမ္မာဒဿနဉာဏ်ဆိုတာ ကံကိုပြုတတ်တဲ့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ စသည်မရှိ၊ ကံ၏အကျိုးကို ခံစားတတ်တဲ့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်မရှိ၊သက်သက် နာမ် ရုပ်တရားနှစ်ပါးသာဖြစ်၏။ ဤသို့ ကောင်းစွာ သိမြင်သောဉာဏ်ကိုခေါ်တယ်။

(၃) ကင်္ခါဝိတရဏဉာဏ်ဆိုတာကတော့ ပုဂ္ဂိုလ်လော၊ သတ္တဝါလော၊ ငါလော၊သူလော၊ ယောကျ်ားလော၊ မိန်းမလော၊ လူလော၊ နတ်လော၊ တိရစ္ဆာန်လော၊ ပြိတ္တာလောဟု အသက်ရှိသော အရာ၌ သို့လော သို့လောတွေးတောယုံမှားခြင်း မရှိ၊ နာမ်-ရုပ် ချည်းသာဖြစ်၏။

သက်မဲ့၌လဲဘဲ အိုးလော၊ အိမ်လော၊ သစ်လော၊ ဝါးလော၊ အုတ်လော၊ ကျောက်လော၊ ရွှေလော၊ ငွေလော၊ နေလော၊ လလော၊ ရေလော၊ မြေလော၊ သမုဒ္ဒရာလော၊ တောလော၊ တောင်လော စသည် တွေးတော ယုံမှားဖွယ် မရှိ၊ ရုပ်ချည်းသာဘဲလို့ ယုံမှားကင်းတာကို ခေါ်တယ်။

အဲဒီ ယထာဘူတဉာဏ်ရယ်၊ သမ္မာဒဿနဉာဏ်ရယ်၊ ကင်္ခါဝိတရဏဉာဏ်ရယ်၊ သဒ္ဒါမျှသာကွဲတယ်၊ အနက်အဓိပ္ပာယ်မှာတော့ အတူတူဘဲ။

တို့ကြောင့်–

ယာဋ္ဌ ယထာဘူတ ညာဏံ ယဋ္ဌ သမ္မာဒဿနံ ကင်္ခါ ဝိတရဏာ ဣမေဓမ္မာ ကေတ္ထာ ဗျဋ္ဌနံ မေဝ နာနုန္တိ-တဲ့။

ဣမိနာ ပန ညာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓ သာသော လဒ္ဓ ပတိဋ္ဌော နိယတ-ဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

လို့-ဟောတော်မူတယ်။

### အဓိပ္ပာယ်

ဤညာဏ်နှင့်ပြည့်စုံလျှင် စူဠသောတာပန်ဖြစ်ပြီလို့ မှတ်၊ နာမ်ရုပ်တရား နှစ်ပါး၏ အဖြစ်အပျက်ကိုမြင်လျှင် တစ်ရက်ပင်နေရစေကာမူ အသက်တစ်ရာ နေရတဲ့သူထက် မြတ်ပြီလို့ မှတ်။

နာမ်ရုပ်ဖြစ်ပုံ ပျက်ပုံမှာ အတွေးအတောနှင့်မဟုတ်ဘူး၊ တည့်တည့်တိုက်ရိုက်ဘဲ၊ နာမ်ချည်းလဲ မဖြစ်နိုင်၊ ရုပ်ချည်းလဲ မဖြစ်နိုင်၊ နာမ်ရုပ်နှစ်ပါးစုံလို့သာ ဖြစ်နိုင်၏တဲ့။

### နာမ်ရုပ် ဖြစ် ပျက်ပုံ

ဖြစ်ပုံမှာ– မှတ်သည်ကိုပင် ဖြစ်သည်ဟုဆိုအပ်၏၊ မှတ်တိုင်း မှတ်တိုင်း နာမ်ရုပ်ဖြစ်၏။ ဖြစ်တိုင်းဖြစ်တိုင်း နာမ်ရုပ်ပျက်၏။

အဖြစ်အပျက်ဆိုတာ ဘယ်မှာဖြစ်လို့ ဘယ်မှာပျက်သတုန်း ဆိုတော့

(၁) မျက်စိမှဖြစ်၍ မျက်စိမှပျက်တယ်။

(၂) နားမှ ဖြစ်၍ နားမှပျက်တယ်။

(၃) နှာခေါင်းမှ ဖြစ်၍ နှာခေါင်းမှပျက်တယ်။
(၄) လျှာမှဖြစ်၍ လျှာမှပျက်တယ်။
(၅) ကိုယ်မှဖြစ်၍ ကိုယ်မှပျက်တယ်။
(၆) နှလုံးမှဖြစ်၍ နှလုံးမှပျက်တယ်။

## တစ်နည်း- နာမ်ရုပ် ဖြစ်ပျက်ပုံ

(က) မြင်တာကို မြင်တယ် မြင်တယ်လို့ မှတ်တာဟာ ဖြစ်တာဘဲ၊ မြင်တိုင်း မြင်တိုင်းမှတ်၊ မှတ်တိုင်းမှတ်တိုင်း ဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

(ခ) ကြားတာကို ကြားတယ် ကြားတယ်လို့ မှတ်တာဟာ ဖြစ်တာဘဲ၊ ကြားတိုင်း ကြားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်းပျက်၏။

(ဂ) နံတာကို နံတယ် နံတယ်လို့မှတ်တာဟာ ဖြစ်တာဘဲ၊ နံတိုင်း နံတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်းပျက်၏။

(ဃ) စားတာကို စားတယ် စားတယ်လို့ မှတ်တာဟာ ဖြစ်တာဘဲ၊ စားတိုင်း စားတိုင်းမှတ်၊ မှတ်တိုင်းမှတ်တိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်းပျက်၏။

(င) ထိတာကို ထိတယ် ထိတယ်လို့မှတ်တာဟာ ဖြစ်တာဘဲ၊ ထိတိုင်း ထိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်းပျက်၏။

(စ) သိတာကို သိတယ် သိတယ်လို့မှတ်တာဟာ ဖြစ်တာဘဲ၊ သိတိုင်း သိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်းပျက်၏။

ဒါ့ကြောင့်–

ယောစ ဝဿသတံဇီဝေ အပဿံ ဥဒယဗ္ဗယံ ဧကာဟံ ဇီဝိတံသေယျော ပဿတော ဥဒယဗ္ဗယံ- လို့ ဟောတော်မူတယ်။

## ဆောင် ပုဒ်လင်္ကာ

ရုပ်ခေါ်တဲ့ နာမ်ခေါ်တဲ့၊ ပရမတ်စစ်၊ ဖြစ်ပျက်နှစ်သွယ်၊ မမြင်ကွယ်သော်၊ ရှစ်ဆယ် ကိုးဆယ်၊ အရွယ်ကျော်ကာ၊ တစ်ရာလှလှ၊ နေရစေဦး၊ လူဖြစ်ကိုယ်ထူး၊ မမြတ်ဘူးတဲ့။ ဖြစ်ပျက်နှစ်ပါး၊ ထိုတရားကို၊ ထင်ရှားသိမြင်၊ တစ်ရက်ပင်သာ၊ နေရပါလျက်၊ တစ်ရာထက်သာ မြတ်လှစွာ၏။

တပည့်အပေါင်းတို့ နာမ်ရုပ်ကို မပြတ်မလပ် ကြပ်ကြပ် နှလုံးသွင်း၍ ပွားများ အားထုတ်ကြလေ၊ အလွန်အကျိုး များလှ၏။ တရားပွားများ အားထုတ်လို့ရှိလျှင် တစ်ခဏလေး ပွားများအားထုတ်ရုံနှင့် အသက်တစ်ရာ နေရတဲ့သူထက် မြတ်ပြီ၊ တစ်ခဏဆိုတာ ဘယ်လောက်ကြာတုန်းဆိုတော့–

ခဏော ဒသစ္ဆရ ကာလော တဲ့။

ဒသစ္ဆရကာလော၊ လက်ဖြစ်ဆယ်တွက်ရှိသော ကာလ သည်။ ခဏော၊ ခဏမည်၏တဲ့။

တစ်ခဏသည် လက်ဖြစ်ဆယ်တွက်ရှိ၏၊ ဆယ်ခဏသည် တစ်မိနစ်ခန့်မျှ ရှိတန့်ရာ၏၊ တစ်ခဏလေး ပွား ားအား ထုတ်လျှင် အသက်တစ်ရာ နေရတဲ့သူထက် မြတ်တယ်ဆိုခြင်း ဟာ အဘယ့်ကြောင့်တုန်းဆိုတော့–

ကုသိုလ ပုဂ္ဂလဿ ဝဿသတံ ဇီဝန္တတော အာရဒ္ဓဝီရိယဿ ခဏာမတ္တမ္ပိ ဇီဝိတံ သေယျော- ဟူသောပါဠိကို ဆောက်သဖြင့် သိရာ၏။

အနက်ကာဗျတ္တာ

ကုသိုလ ပုဂ္ဂလဿ၊ ပျင်းရိသဖြင့် တရားကို အားမထုတ်သော ပုဂ္ဂိုလ်၏။ ဝဿသတံ၊ အနှစ်တစ်ရာ ကာလပတ်လုံး။ ဇီဝနတော၊ အသက်ရှည်သောသူထက်။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်၏။ ခဏမတ္တမ္ပိ၊ တစ်ခဏလေးမျှလည်း။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

နှိသိခန္ဓ ဟု ဘုရားရှင် ဟောခဲ့ကပ်မူသောကြောင့် ယခုတိုင် နေကြတဲ့ အခိုက်အတန့်ကလေး မိမိစိတ်ကို တခြားသွားခွင့်မပေးတဲ့ ထိုင်တယ် ထိုင်တယ်လို့ မျက်စိကိုမှိတ်ပြီး မှတ်ကြ၊ တစ်မိနစ်လောက် ပွားများလို့ရှိလျှင် အသက်တစ်ရာ ဆောင်နေရတဲ့ သူ့ထက်မြတ်ပြီ၊ နှာရိပါတဲ့သူကနာရီကြည့်ထား၊ ကဲ တစ်မိနစ်လောက် ပွားများ အားထုတ်ကြ၊ တစ်မိနစ်ပြည့်လျှင်ပြော (တစ်မိနစ် ပြည့်ပါပြီဘုရား)၊ ကောင်း-တော်သေးပြီ။

မဟာသတိပဋ္ဌာန်တရား ရှုပွားနည်း ပြီး၏။

## တောင်ပုလု အရညဝါသီ ကျေးဇူးရှင်
## ကမ္ဘာ့အေးဆရာတော်ဘုရားကြီး
## ဟောကြားတော်မူသော
## ပေဋကောပဒေသ ပါဠိတော် ကောက်နုတ်ချက်

(၁) ဒွေ ဓမ္မာ ပရိညေယျာ နာမဉ္စ ရူပဉ္စ။
(၂) ဒွေ ဓမ္မာ ပဟာတဗ္ဗာ အဝိဇ္ဇာ စ ဘဝတဏှာ စ။
(၃) ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ သမထော စ ဝိပဿနာ စ။

တတ္ထ သမထံ ဘာဝေန္တော ရူပံ ပရိဇာနာတိ၊ ရူပံ ပရိဇာနန္တော တဏှံ ပဇဟတိ၊ တဏှံ ပဇဟန္တော ရာဂဝိရာဂါ စေတောဝိမုတ္တိံ သစ္ဆိကရောတိ။

ဝိပဿနံ ဘာဝေန္တော နာမံ ပရိဇာနာတိ၊ နာမံ ပရိဇာနန္တော အဝိဇ္ဇံ ပဇဟတိ၊ အဝိဇ္ဇံ ပဇဟန္တော အဝိဇ္ဇာဝိရာဂါ ပညာဝိမုတ္တိံ သစ္ဆိကရောတိ။[၁]

(၄) ဒွေ ရောဂါ သတ္တာနံ အဝိဇ္ဇာ စ ဘဝတဏှာ စ။ တဏှာရောဂဿ သမထော ဘေသဇ္ဇံ၊ အဝိဇ္ဇာရောဂဿ ဝိပဿနာ ဘေသဇ္ဇံ။[၂]

ပေဋကောပဒေသပါဠိ ကောက်နုတ်ချက် ပြီး၏။

---

၁။ ပေဋကောပဒေသပါဠိ ၂၅၀။ ၂၅၁။
၂။ ပေဋကောပဒေသပါဠိ ၂၅၀။

## ပိုင်းခြား၍ သိရမည့် တရားနှစ်ပါး

**အနက်**။ (၁) နာမဥ္စ၊ နာမ်ကို လည်းကောင်း။ ရူပဉ္စ၊ ရုပ်ကို လည်းကောင်း။ ဒွေဓမ္မာ၊ နှစ်ပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။

## ပယ်ရမည့် တရားနှစ်ပါး

(၂) အဝိဇ္ဇာစ၊ အဝိဇ္ဇာကိုလည်းကောင်း။ ဘဝ-တဏှာစ၊ ဘဝတဏှာကို လည်းကောင်း။ ဒွေဓမ္မာ၊ နှစ်ပါးသော တရားတို့ကို။ ပဟာ-တဗ္ဗာ၊ ပယ်အပ်ကုန်၏။

## ပွားရမည့် တရားနှစ်ပါး

(၃) သမထောစ၊ သမထကို လည်းကောင်း။ ဝိပဿနာစ၊ ဝိပဿနာကို လည်းကောင်း။ ဒွေဓမ္မာ၊ နှစ်ပါးသော တရားတို့ကို။ ဘာ-ဝေတဗ္ဗာ၊ ပွားများအပ်ကုန်၏။

## ဆိုက်ရမည့်တရားက နိဗ္ဗာန်

(က) တတ္ထ၊ ထိုနှစ်ပါးသော တရား တို့တွင်။ သမထံ၊ သမထကို။ ဘာဝေန္တော၊ ပွားများသည်ရှိသော်။ ရူပံ၊ ရုပ်ကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ ရူပံ၊ရုပ်ကို။ ပရိဇာနန္တော၊ ပိုင်းခြား၍ သိသည်ရှိသော်။ တဏှံ၊တဏှာကို။ ပဇဟာတိ၊ စွန့်၏။ တဏှံ၊ တဏှာကို။

ပဇဟန္တော၊ စွန့်သည်ရှိသော်။ ရာဂဝိရာဂါ၊ ရာဂကင်းခြင်းကြောင့်။ စေတောဝိမုတ္တိံ၊ စိတ်၏ ကိလေသာမှ လွတ်ခြင်းကို၊ သစ္ဆိ-ကရောတိ၊ မျက်မှောက်ပြု၏။

(ခ) ဝိပဿနံ၊ ဝိပဿနာကို။ ဘာဝေန္တော၊ ပွားများသည် ရှိသော်။ နာမံ၊ နာမ်ကို။ ပရိဇာနာတိ၊ ပိုင်းခြား၍ သိ၏။ နာမံ၊ နာမ်ကို။ ပရိဇာနန္တော၊ ပိုင်းခြား၍သိသည် ရှိသော်။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဇဟာတိ၊ စွန့်၏။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဇဟန္တော၊ စွန့်သည်ရှိသော်။ အဝိဇ္ဇာဝိရာဂါ၊ အဝိဇ္ဇာကင်းခြင်းကြောင့်။ ပညာဝိမုတ္တိံ၊ ပညာ၏ ကိလေသာမှ လွတ်ခြင်းကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။

### သတ္တဝါတစ်ခု ရောဂါနှစ်မျိုး

(၄) သတ္တာနံ၊ သတ္တဝါတို့၏။ ရောဂါ၊ အနာရောဂါတို့သည်ကား။ အဝိဇ္ဇာစ၊ အဝိဇ္ဇာသည်လည်းကောင်း။ ဘဝတဏှာစ၊ ဘဝတဏှာသည်လည်းကောင်း။ ဒွေ၊ နှစ်ပါးတို့တည်း။

(က) တဏှာရောဂဿ၊ တဏှာတည်း ဟူသော အနာရောဂါ၏။ ဘေသဇ္ဇံ၊ ဆေးသည်ကား။ သမထော၊ သမထပင်တည်း။

(ခ) အဝိဇ္ဇာရောဂသာ၊ အဝိဇ္ဇာတည်း ဟူသော အနာရောဂါ၏။ မောသတ္တ၊ ဆေးသည်ကား၊ ဝိပဿနာ၊ ဝိပဿနာပင်တည်း။

ပေဋ္ဌကောပဒေသအနုက် ကောက်နုတ်ချက် ပြီး၏။

# ကျေးဇူးရှင် တောင်ပုလု ကမ္ဘာအေး ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော ဘုရားဆုပန် ရင့်မာတစ်ကျိပ်

ဘုရားဆုပန် ရင့်မာသန် ကေန်မှတ်ကွယ် တစ်ကျိပ်တဲ့။

၁။ ရှေးဦးအစ၊ မေတ္တေယျ၊ မှက်ကြလေကွဲ့၊ အလောင်းတဲ့။

၂။ ရာမ မင်းကောင်း၊ ဆုပန်အောင်း၊ တစ်ကြောင်းမှက်ကွဲ့၊ အလောင်းတဲ့။

၃။ ကောသလမင်း၊ ကျော်ရှိန်ပြင်း၊ မယွင်းဘူးကွဲ့၊ အလောင်းတဲ့။

၄။ အဘိဘူနတ်၊ ခေါ်တွင်မှတ်၊ သိတတ်စေကွဲ့၊ အလောင်းတဲ့။

၅။ ဒီဃသောဏီ၊ မည်ရှိကျော်ဂုဏ်၊ တန်ခိုးထိန်၊ သူရိန်နတ်ကွဲ့၊ အလောင်းတဲ့။

၆။ စက်ကိုဟုခေါ်၊ ပုဏ္ဏားကျော်၊ သိမျှော်မှတ်ကွဲ့၊ အလေ
ာင်းတဲ့။

၇။ သုဘာဟုတွင်၊ မောင်လုလင်၊ ရှုမြင်မှတ်ကွဲ့၊ အလောင်းတဲ့။

၈။ ဟောဒေယျမည်၊ ပုဏ္ဏားသည်၊ တည်ကြည်မှတ်ကွဲ့၊ အလောင်းတဲ့။

၉။ နာဠာဂိရိ၊ ဆင်ဟတ္ထိ၊ သိကတ်စေကွဲ့၊ အလောင်းတဲ့။

၁၀။ ပလလည်းဆင်၊ အမည်တွင်၊ ထင်မြင်မှတ်ကွဲ့၊ အလောင်းတဲ့။

## မတွေယျမြတ်စွာဘုရား

ထိုတစ်ကျိပ်တွင်၊ မေတ္တေယျရှင်၊ ကြာခင်ဘူးကွဲ့၊ ပွင့်မည်တဲ့။ အနှစ်ရှစ်သောင်း၊ တွက်စစ်ပေါင်း၊ ကောင်းကောင်းမှတ်ကွဲ့ သက်တော်တဲ့။

ရှစ်ဆယ့်ရှစ်တောင်၊ အမြင့်ဆောင်၊ သိအောင်မှတ်ကွဲ့၊ ရုပ်တော်တဲ့။

ဒုက္ကရစရိယာ၊ ခြောက်ရက်သာ၊ မှတ်ပါလေကွဲ့၊ ကျင့်တော်တဲ့။

ဗောဓိပင်လျှ၊ နှစ်ရာ့လေးဆယ်၊ မှတ်ဖွယ်အတောင်၊ အမြင့်ဆောင်၊ သိအောင်မှတ်ကွဲ့၊ ကံ့ကော်တဲ့။

ခြောက်ဆယ်လေးတောင်၊ အမြင့်ဆောင်၊ သိအောင်မှတ်ကွဲ့ ပလ္လင်တဲ့။

သုံးသိန်းရှစ်သောင်း၊ အနှစ်ပေါင်း၊ တစ်ကြောင်းမှတ်ကွဲ့ သာသနာတဲ့။

ဗုဒ္ဓဟုဆို၊ ဘုရားကို၊ ကြည်ညိုကြကွဲ့၊ မှားဘူးတဲ့။
တစ်သိန်းကမ္ဘာ၊ ပယ်လေးရွာ၊ မှတ်ပါလေကွဲ့၊ လား
ဘူးကဲ့။
တစ်ကြိမ်မပို၊ ချစ်ကြည်ညို၊ သည်လိုမှတ်ကွဲ့၊ တစ်
နည်းတဲ့။
လက်ကိုဆွဲတင်၊ နတ်ပြည်ခွင်၊ အလျှင်မှတ်ကွဲ့၊ ရောက်
မည်တဲ့။
လားရာဂတိ၊ မလွဲဘိ၊ သိကြစေကွဲ့၊ မြဲမည်တဲ့။
စူဠမည်ခံ၊ သောတာပန်၊ ကေန်မှတ်ကွဲ့၊ သိမည်တဲ့။

**ဘုရားကြည်ညို၍ ကမ္ဘာတစ်သိန်း အပါယ်မလား**

မယိစိတ္တံ ပသာဒေတွာ၊ ဘိက္ခုသံဃေ အနုတ္တရေ။
ကပ္ပသတသဟဿာနိ၊ ဒုဂ္ဂတိံ သော နဂစ္ဆတိ။

အနုတ္တရေ၊ အတုမရှိသော။ မယိ၊ ငါဘုရား၌လည်းကောင်း။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌လည်းကောင်း။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေသောကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ကပ္ပသတသဟဿာနိ၊ ကမ္ဘာတစ်သိန်းတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ မကောင်းသော သူတို့၏ လားရာဖြစ်သော အပါယ်လေးပါးသို့။ နဂစ္ဆတိ၊ မသွား။

ဒသဗလေ ကော သဒ္ဓါ ကော ပေမံ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဓါယ တေန ပေမေန ဟတ္ထေ ဂဟေတွာ သဂ္ဂေ ဌပိတာဝိယ ဟောန္တိ၊ နိယတဂတိကာ ကိရ ဧတေ ပေါရာဏကထေရာ ပန ဧဝရူပံ ပုဂ္ဂလံ စူဠသောတာပန္နောတိ ဝဒန္တိ။

ဒသဗလေ၊ ဆယ်ပါးသော အားတော်နှင့် ပြည့်စုံသော ဘုရားရှင်၌။ ကောသဒ္ဓါ၊ တစ်ကြိမ် ကြည်ညိုခြင်းသည်။ ကေ၀လံ၊ တစ်ကြိမ် ချစ်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တာယ သဒ္ဓါယ၊ ထိုသို့ကြည်ညိုခြင်းကြောင့်။ တေနပေမေန၊ ထိုသို့ ချစ်ခြင်းကြောင့်၊ တဂ္ဂတ္ထ၊ လက်တို့ကို။ ဂဟေတွာ၊ ဆွဲ၍။ သဂ္ဂေ၊ နတ်ပြည်၌။ ဌပိတာ ဝိယ၊ ထားသကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ထိုသူတို့သည်။ နိယတဂတိ-ကာ ကိရ၊ မြဲသောဂတိ ရှိကုန်သတတ်။ ပေါရာဏာ ယေရာပန၊ ရှေးမထေရ်တို့သည်ကား၊ ဧဝ ရူပံ ပုဂ္ဂလံ၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို။ စူဠသောတာပန္နောတိ၊ စူဠ သောတာပန်ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။

## ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော သံဝေဂကထာ ဆုံးမစာ

၁။ မိုးပုံမြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးနေခို၊ မသေလို၍၊ ဤကိုယ်မှချ၊ မနေရဘူး။

၂။ လင်နှင့်မယား၊ သားနှင့်သမီး၊ မြေးနှင့်ဥစ္စာ၊ ဆွေမျိုးညာနှင့်၊ မကွာမကွ၊ မသေရဘဲ၊ အဘူမြဲ၍၊ မကွဲတတ်၊ ဘယ်မှာရှိလိမ့်။

၃။ လူဖြစ်ကြုံလာ၊ လူ့ဘုံ၌၊ ထူးမြတ်သည်ဆို၊ ထို ကုသိုလ်ကို၊ ဟိုလုပ် ဟိုနေ့၊ ချိန်ခါမရွေ့ဘဲ၊ ယနေ့ပင် သာ၊ အားထုတ်ရာ၏။ သေချာကေန်၊ နက်ဖြန် သန် ဘက် သေမည့်ရက်ကို၊ ချိန်းချက်ရှိ၊ ဘယ်သူသိလိမ့်။

## ဓုတင်ကထာ အမြွက်မျှပြဆိုခြင်း

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ကျေးဇူးရှင် တောင်ပုလု တောရကမ္မဋ္ဌာနအေး ဆရာတော်ဘုရားကြီးထံ၌ တရားအားထုတ်ရန် ကြွရောက်လာကြကုန်သော သံဃာတော် အရှင်မြတ်များနှင့် ဒုလ္လဘရဟန်းတော်များ လွယ်ကူစွာ ကြည့်ရှုနိုင်ကြစေရန် ဓုတင်နှင့်ဆိုင်ရာ ပြဆိုပေအံ့။

နမော ဗုဒ္ဓါဒိ ရတနတ္တယဿ

### ဓုတင်ကထာ

ဓုတင်ဆိုတာ သဒ္ဒါနည်းအားဖြင့် ဓုတသဒ္ဒါကို ဟောသည်။

ဓုတဆိုတာ ကိလေသာခါတွက်ခြင်းစသည်ကိုဆိုလိုသည်။

### ကိလေသာခါတွက်ပုံ

(၁) အလိုနည်းခြင်း။
(၂) ရောင့်ရဲလွယ်ခြင်း။
(၃) ကိလေသာကို ခါတွက်ခြင်း။
(၄) ဆိတ်ငြိမ်ရာ၌ နေနိုင်ခြင်း။
(၅) ကိလေသာကို ဖျက်ဆီးနိုင်ခြင်း။
(၆) သမ္မပ္ပဓာန် ဝီရိယ မပြတ်အားထုတ်နိုင်ခြင်း။
(၇) ဒါယကာတို့ လုပ်ကျွေးလွယ်ခြင်း။
(၈) ပြင်ပကိစ္စ နည်းပါးခြင်း။
(၉) ပေါ့ပါးစွာ အသက်မွေးနိုင်ခြင်း။

စသော ဂုဏ်တို့ဖြင့် အညစ်အကြေး ဆေးကြောကာ ဖွယ်လျှော်အပ်သည်ဖြစ်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးတို့၌ ခေါင်းပါးသော အကျင့်ရှိခြင်း ဟူသော အရိယာဝံသ တရားတို့၌ တည်နိုင်ခြင်း၊ ဘာဝနာ၌ မွေ့လျော်ခြင်း ဟူသော စတုတ္ထ အရိယာဝံသ တရားကို ရခြင်းငှာ ထိုက်တန်ခြင်း စသော အကျိုးကျေးဇူးတို့ဖြင့် ပြည့်စုံခြင်းဟူသော ဓူတင်ပဋိပတ် အကျင့်မြတ်ကို ကျင့်ဆောင်နိုင်ကြ ပါမူကား မိမိတို့၏ သီလသည် အထူးပင် စင်ကြယ်နိုင်ပေသည်။

ထို့ကြောင့် မိမိ၏ သီလ အထူးစင်ကြယ်ခြင်းကို အလိုရှိကြကုန်သော သံဃာတော်များနှင့် ဒုလ္လဘ ရဟန်းတော်များ ဓူတင်ဆောက်တည်နိုင်ကြရန် ဘုရားရှင်သည် လောကရေးရာ မျှော်လင့်ချက်တို့ကို ပယ်စွန့်တော်မူ၍ နိဗ္ဗာန်နှင့် လျော်သော အကျင့်ကို အားထုတ်လိုကုန်ကြသော မမ္မအမွေခံ အမျိုးကောင်းသားတို့အား ဘုရားရှင် ခွင့်ပြုတော်မူသော ဓူတင် (၁၃)ပါးကို ဆောက်တည်ပုံနှင့်တကွ ပြဆိုပေဦးအံ့။

## (၁) ပံ့သကူဓူတင်ဆောက်တည်ပုံ

ပါဠိ။ ။ဂဟပတိ ဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံ့သုကူလိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။ဒါယကာတို့ ကိုယ်ထိ လက်ရောက် လှူသော သင်္ကန်းကို ပယ်ပါ၏။ ပံ့သကူသင်္ကန်း ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ။မိမိအလိုဆန္ဒဖြင့် ရူတင် ဖျက်လိုသော်လည်းကောင်း၊ ဒါယကာ ဒါယိကာမတို့က လှူသော သင်္ကန်းကို သာယာ လက်ခံလျှင်သော်လည်းကောင်း ပုံသုကူ ရူတင်ပျက်၏။

## (၂) တိစီဝရိတ် ရူတင်ဆောက်တည်ပုံ

ပါဠိ။ ။စတုတ္ထကာ စီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။လေးထည်မြောက်သော သင်္ကန်းကို ပယ်ပါ၏၊ သင်္ကန်းသုံးထည် ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ် စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ။လေးထည်မြောက်သော သင်္ကန်းကို သာယာ လက်ခံလျှင် တိစီဝရိတ်ရူတင်ပျက်၏။

## (၃) ပိဏ္ဍပါတ် ရူတင် ဆောက်တည်ပုံ

ပါဠိ။ ။အတိရေကလာဘံ ပဋိက္ခိပါမိ။ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။ပိုလွန်သောလာဘ်ကို ပယ်ပါ၏၊ ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ် စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ။ဆွမ်းခံသွားခြင်းမှ တစ်ပါး လာဘ်အပို အလျှံကို သာယာလက်ခံလျှင်လည်းကောင်း၊ နေ့စဉ် ဆွမ်းမခံလျှင်သော် လည်းကောင်း၊ ပိဏ္ဍပါတ်ရူတင်ပျက်၏။

(၄) သပဒါနစာရိကဓူတင် ဆောက်တည်ပုံ

ပါဠိ။ ။လောလုပ္ပစာရံ ပဋိက္ခိပါမိ။ သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။လျှပ်ပေါ်လော်လီသော ဆွမ်းခံခြင်းကို ပယ်ပါ၏၊ အိမ်စဉ်ပြက် ဆွမ်းခံသွားလေ့ ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ် စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ။အိမ်စဉ် ကျော်၍ ဆွမ်းခံလျှင် သပဒါန-စာရိက ဓူတင်ပျက်၏။

(၅) ဧကာသနိက်ဓူတင် ဆောက်တည်ပုံ

ပါဠိ။ ။နာနာသန ဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။နေရာအများ၌ အထပ်ထပ်စားလိုသော လော-လုပ္ပ တဏှာကို ပယ်ပါ၏၊ တစ်နေရာတည်း၌ စားသောက်လေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ။တစ်နေရာတည်း မစားဘဲ အထူးထူးသော နေရာဝယ် စားသောက်သော ခဏ၌ ဧကာ-သနိက်ဓူတင်ပျက်၏။

(၆) ပတ္တပိဏ္ဍိကဓူတင် ဆောက်တည်ပုံ

ပါဠိ။ ။ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။အတိရိတ်ဝိနည်းကံပြုသောဘောဇဉ်ကို စားတုန်း စားဆဲ၌ တော်ပြီတန်ပြီဟု ပယ်မြစ်ပြီးသည်မှ နောက်၌ ခဲဖွယ်ဘောဇဉ်ကို စားသောက်လျှင် ခလုပစ္ဆာဘတ္တိကဓုတင် ပျက်၏။

သတိပြုပါ။ ။အတိရိတ် ဝိနည်းကံ မပြုသော ခဲဖွယ် ဘောဇဉ်စားလျှင် ခလုပစ္ဆာဘတ္တိက ဓုတင် ပျက်၏။

## (၇) ပတ္တပိဏ္ဍိကဓုတင် ဆောက်တည်ပုံ

ပါဠိ။ ။ဒုတိယဘာဇနံ ပဋိက္ခိပါမိ။
ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ။နှစ်ခုမြောက်သော ခွက်ကို ပယ်ပါ၏၊ တစ်ခွက်တည်း၌ ပတ္တပိဏ္ဍ စားလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ နှစ်ခုသောခွက်ကို သာယာ၍ ယူသောခဏ၌ ပတ္တပိဏ္ဍိကဓုတင် ပျက်၏။ အထူးအားဖြင့် ရေခွက်တစ်ခုကို မိမိအနားထားပြီး သုံးဆောင်လိုပါက သုံးဆောင်နိုင်သည်၊ ယင်းဓုတင် မပျက်ဟုသိလေ။

## (၈) အရညကင် ဓုတင် ဆောက်တည်ပုံ

ပါဠိ။ ဂါမန္တ သေနာသနံ ပဋိက္ခိပါမိ။ အာရညိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ရွာအနီး ကျောင်း၌ နေခြင်းကို ပယ်ပါ၏၊ တောရကျောင်း၌ နေလေ့ ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ဘောဓရှသော အရပ်၌ အရုဏ်တက်စေလျှင် ယင်းဓုတင်ပျက်၏။

## (၉) ရုက္ခမူ ဓုတင် ဆောက်တည်ပုံ

ပါဠိ။ ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ အမိုးရှိသော အရပ်ကို ပယ်ပါ၏၊ သစ်ပင်အောက်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ခွင့်ပြုထားသည်မှ တစ်ပါး အမိုးရှိသော အရပ်၌ ဝင်လိုသောဆန္ဒဖြင့် ဝင်နေမိလျှင် ယင်းဓုတင်ပျက်၏။

## (၁၀) အဗ္ဘောကာသိကဓုတင်ဆောက်တည်ပုံ

ပါဠိ။ ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ အမိုးငါးမျိုးရှိသော နေရာအရပ်ကို လည်းကောင်း၊ သစ်ပင်ရင်း သစ်ပင်အောက်၌ နေခြင်းကိုလည်းကောင်း ပယ်ပါ၏။ အမိုးမရှိ လွင်တီးခေါင်၌နေလေ့ရှိသောပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကိုဆောက်တည်ပါ၏။

သတိပြုပါ။ အမိုးရှိသော နေရာအရပ်ကိုလည်းကောင်း၊ သစ်ပင်မအောက်ကိုသည်းကောင်းနေခြင်းငှာ ပင်သော ခဏ္ဍ ယင်းရှုတင်ပျက်၏။

## (၁၁) သုသာန်ရှုတင် ဆောက်တည်ပုံ

ပါဠိ။ နှ သုသာနံ ပဋိက္ခိပါမိ။
သောသာနိကင်္ဂ သမာဒိယာမိ။

မြန်မာ။ သုသာန်မဟုတ်သော နေရာကို ပယ်ပါ၏။ သုသာန်၌နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ သုသာန်မဟုတ်သော အရပ်၌နေကာမျှဖြင့် ယင်းသုသာန်ရှုတင်ပျက်၏။

## (၁၂) ယထာသန္တတိက ရှုတင်ဆောက်တည်ပုံ

ပါဠိ။ သေနာသန လောလုပ္ပံ ပဋိက္ခိပါမိ။
ယထာသန္တတိကင်္ဂ သမာဒိယာမိ။

မြန်မာ။ ကျောင်းခံယူရာ၌ လျပ်ပေါ် လော်လီခြင်းကို ပယ်ပါ၏။ ညွှန်ပြထားသော ကျောင်း၌ ကိန်းအောင်း နေထိုင်လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းကုသိုလ်စေတနာကိုဆောက်တည်ပါ၏။

သတိပြုပါ။ ကျောင်းခံယူရာ၌ လျပ်ပေါ် လော်လီခြင်း တကြိမ်ဖြစ်ကာမျှဖြင့် ယင်းရှုတင်ပျက်၏။

## (၁၃) နေသဇ္ဇိက ဓူတင်ဆောက်တည်ပုံ

ပါဠိ။ သေယျံ ပဋိက္ခိပါမိ။ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

မြန်မာ။ ကိုယ် ဆန့်လျှောင်းစင်း၊ လှဲအိပ်ခြင်းကို ပယ်ပါ၏။ သွားခြင်းဣရိယာပုထ်၊ ရပ်ခြင်းဣရိယာပုထ်၊ ထိုင်ခြင်းဣရိယာပုထ်ဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သတိပြုပါ။ ကိုယ်ကို ဆန့်လျက် ပက်လက် အိပ်ခြင်း၊ လျှောင်းအိပ်ခြင်း၊ စောင်းအိပ်ခြင်း၊ မှောက်အိပ်ခြင်းတို့သည် အိပ်သည်မည်၏။ အိပ်ခြင်း ဣရိယာပုထ်ကို ပြုသောခဏ၌ ယင်း နေသဇ္ဇိက ဓူတင်ပျက်၏။

ဤတွင် ဓူတင် ၁၃ပါး ဆောက်တည်ပုံ
ပါဠိနှင့်မြန်မာ ပြီး၏။

---

### ဆုတောင်း

ဣမိနာ ပုညကမ္မေန နိဗ္ဗာန စတုပဋိသမ္ဘိဒါ မဂ္ဂဉာဏဿ ပစ္စယော ဟောတု။

### မေတ္တာပို့

ဤကောင်းမှုနှင့်စပ်သမျှ ချမ်းသာကြပါစေ။

### အမျှဝေ

ဣဒံ မမ ပုညဘာဂံ သဗ္ဗသတ္တာနံ သမံ ဘာဇေမ။

---

## သရဏဂုံ ဆောက်တည်ခြင်းအကျိုး စာအုပ်

## အလှူရှင်များ စာရင်း

---

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌဓမ္မဝိပဿနာ ဉာဏဒဿန ဖြတ်လမ်းပြ ကျမ်း အလှူရှင်စာရင်း၏ လက်ကျန်ငွေ | ၂၀၀၀ |
| ၂။ | ဦးမျိုးမြင့်-ဒေါ်ညွန့်တင် | ၁၁၀၀ |
| ၃။ | မြို့နယ်များနှင့် ရပ်ကွက်များ၏စုပေါင်းအလှူ | ၅၂၉ |
| ၄။ | ဦးညီပု-ဒေါ်စန်းရင် | ၅၀၀ |
| ၅။ | ဦးတင်မောင်-ဒေါ်တင်တင် | ၅၀၀ |
| ၆။ | ဦးအောင်ကျော်ဦး ဒေါ်မဥ္ဆူသင်း | ၅၀၀ |
| ၇။ | ဦးမောင်အေး-ဒေါ်နန်းကျော့ခိုင် | ၃၀၈ |
| ၈။ | ဒေါ်အေးသန်း | ၃၀၀ |
| ၉။ | ဦးလှအောင်-ဒေါ်မြမြထွန်း | ၃၀၀ |
| ၁၀။ | ဦးညွန့်-ဒေါ်သန်းတင်၊ ဦးသန်းထွန်းအောင် ဒေါက်တာညွန့်ညွန့်ဝင်း | ၂၀၀ |
| ၁၁။ | ဦးထွန်းအုန်း-ဒေါ်စန်းနု | ၂၀၀ |
| ၁၂။ | ဦးစံလှထွန်း-ဒေါ်ကျော့စိန် | ၁၅၀ |
| ၁၃။ | ဦးသောင်းထွန်း-ဒေါ်ဝင်းကြည် | ၁၅၀ |
| ၁၄။ | ဒေါ်ကြည် | ၁၅၀ |
| ၁၅။ | ဦးလှဟန်-ဒေါ်အုံးကြည် | ၁၁၀ |
| ၁၆။ | ဒေါ်ခင်မြ၊ ဒေါ်ခင်လှ | ၁၀၀ |

# အလှူရှင်များစာရင်း

| | | |
|---|---|---|
| ၁၇။ | ဦးသန်းနွဲ့ | ၁၀၀ |
| ၁၈။ | ဦးတင်ဆွေ-ဒေါ်သန်းသန်း | ၁၀၀ |
| ၁၉။ | ဦးချမ်းမြ-ဒေါ်သန်းမြင့် | ၁၀၀ |
| ၂၀။ | ဒေါ်မြတင်၊ ဒေါ်အုံးကြည်၊ ဦးမောင်အေး ဒေါ်တင်မြင့် | ၁၀၀ |
| ၂၁။ | ဦးမြင့်သန်း-ဒေါ်မြကြည် | ၁၀၀ |
| ၂၂။ | ဦးသောင်းမြင့်-ဒေါ်တင်အေးမြင့် | ၉၀ |
| ၂၃။ | ဒေါ်[illegible]င်ရင်လှ | ၉၀ |
| ၂၄။ | ဒေါ်ကျင်မွေး | ၉၀ |
| ၂၅။ | ဦးကျင်–ဒေါ်ကျင်ရွှေ | ၇၅ |
| ၂၆။ | ဦးခင်မောင်လေး-ဒေါ်အမာ | ၆၆ |
| ၂၇။ | ဦးသန်းဆွေ-ဒေါ်မှီ | ၆၀ |
| ၂၈။ | ဦးမောင်မောင်-ဒေါ်ကြိုင် | ၅၅ |
| ၂၉။ | ဒေါ်စန်းရင် | ၅၀ |
| ၃၀။ | ဦးကျော်မင်း-ဒေါ်တင်တင်ဝင်း | ၅၀ |
| ၃၁။ | ဦးထွန်းရွှေ-ဒေါ်လှရွှေ | ၅၀ |
| ၃၂။ | ဦးဘသန်း-ဒေါ်ဟင်အုန်း | ၅၀ |
| ၃၃။ | ဦးတင်ယု-ဒေါ်မြင့်မြင့်ရီ | ၅၀ |
| ၃၄။ | ဒေါ်ဝေဇင်၊ ဒေါ်တီတီအောင် | ၅၀ |
| ၃၅။ | ဦးတိုးစိန်-ဒေါ်စန်း | ၅၀ |
| ၃၆။ | ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်ငွေ | ၅၀ |
| ၃၇။ | ဦးယက်တင် ဒေါ်လှလှ | ၅၀ |
| ၃၈။ | ဦးစိန်သောင်း-ဒေါ်အေးအေးမြင့် | ၅၀ |

| | | |
|---|---|---|
| ၃၉။ | ဦးမြင့်ကြည်-ဒေါ်သိင်္ဂီ | ၅၀ |
| ၄၀။ | ဒေါက်တာလှမြင့်-ဒေါ်တင်တင်ဝင်း | ၅၀ |
| ၄၁။ | ဦးစိန် ဒေါ်စိုးညွန့် | ၅၀ |
| ၄၂။ | ဦးမှတ်ကြီး-ဒေါ်ချစ်တင် | ၃၀ |
| ၄၃။ | ဦးတင်ဖေ ဒေါ်ဖွားရှိ | ၃၀ |
| ၄၄။ | ဦးမြသန်း-ဒေါ်ကြည်ကြည်ခင် | ၃၀ |
| ၄၅။ | ဦးမြသောင်း | ၃၀ |
| ၄၆။ | ဒေါ်စောကြည် | ၃၀ |
| ၄၇။ | ဒေါ်သုမာလစာရီ | ၃၀ |
| ၄၈။ | ဦးဗသိုက်-ဒေါ်ရင်မေ | ၃၀ |
| ၄၉။ | ဦးလှရွှေ-ဒေါ်ညွန့်လှိုင် | ၃၀ |
| ၅၀။ | ဒေါ်လှသုန်း | ၃၀ |
| ၅၁။ | ဦးဘရှင် | ၃၀ |
| ၅၂။ | ဦးသောင်း | ၃၀ |
| ၅၃။ | ဦးကျော်မြထွန်း-ဒေါ်ချိုချိုမြင့် | ၃၀ |
| ၅၄။ | ဒေါ်ညိုညိုမြင့် | ၃၀ |
| ၅၅။ | ဗိုလ်မှူးတင်မောင်ဝင်း- ဒေါ်မြုံးမြုံးမြင့် | ၃၀ |
| ၅၆။ | ဦးစိုးတင့်-ဒေါ်ရီရီမြင့် | ၃၀ |
| ၅၇။ | ဦးအောင်ကျော်ဝင်း-ဒေါ်ထားထားမြင့် | ၃၀ |
| ၅၈။ | ဦးထင်အောင်-ဒေါ်နီလာ | ၃၀ |
| ၅၉။ | ဒေါ်အေးအေးမူ | ၃၀ |
| ၆၀။ | ဒေါ်အေးအေးဖြူ | ၃၀ |
| ၆၁။ | ဦးရီအေး | ၃၀ |
| ၆၂။ | ဦးမြကြီး-ဒေါ်အုန်းမြ | ၃၀ |

| | | |
|---|---|---|
| ၆၃။ | ဦးစံသိန်း-ဒေါ်လှ | ၃၀ |
| ၆၄။ | ဦးကျော်ကျော်-ဒေါက်တာမူမူအေး | ၃၀ |
| ၆၅။ | ဦးအောင်မြင့်-ဒေါ်ညွန့်ညွန့်သန်း | ၂၅ |
| ၆၆။ | ဦးလှတင်-ဒေါ်မြရီ | ၂၅ |
| ၆၇။ | ဦးတင်အောင် | ၂၅ |
| ၆၈။ | ဦးကျင်စွမ်း-ဒေါ်ကျင်ရွှေ | ၂၀ |
| ၆၉။ | ဦးအောင်ထွန်း | ၁၅ |
| ၇၀။ | ဦးမောင်ဟန်-ဒေါ်သန်းကြည် | ၁၅ |
| ၇၁။ | ဦးထွန်းစိန် | ၁၁ |
| ၇၂။ | ဦးသိန်း-ဒေါ်သောင်းကြည် | ၁၀ |
| ၇၃။ | ဦးမျိုးမြင့်-ဒေါက်တာညွန့်ညွန့်ရီ | ၁၀ |
| ၇၄။ | ရှင်ကုသလ | ၁၀ |
| ၇၅။ | ဒေါ်ခင့်ကျော့ | ၁၀ |
| ၇၆။ | ဦးတင်ရွှေ-ဒေါ်သန်းအိ | ၁၀ |
| ၇၇။ | ဦးတင့်လွင်-ဒေါ်စိန်စိန် | ၃၀၀ |
| ၇၈။ | ဦးဟန်တိုး-ဒေါ်သန်းကြွယ် | ၃၀၀ |
| ၇၉။ | ယစ်မျိုးဝန်ထမ်းဟောင်းနှင့် သားသမီးတို့၏ ဗုဒ္ဓဘာသာအသင်း | ၂၀၀ |
| ၈၀။ | ဦးမောင်မောင်ညွန့်-ဒေါ်ခင်လှသွင် မိသားစု ၇၇/၇၉ ၁၁-လမ်း ရန်ကုန် | ၁၀၀ |
| ၈၁။ | ဦးကျော်ဝင်း-ဒေါ်တင်တင်ရှိန် | ၃၀၀ |
| ၈၂။ | ဦးတင်ဦး-ဒေါ်ခင်အေးသီ | ၃၀၀ |
| ၈၃။ | ဦးတင်ဝင်းနှင့် ဇနီး အမှတ်-၂[illegible] [illegible] ရန်ကုန် | ၁၁၀၄၅ |

# ဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

အလှူဒါနဟူသမျှတို့တွင် တရားတည်းဟူသော
အလှူဒါနသည် အမြတ်ဆုံးဖြစ်၏။

J